# မတည်းဖြတ်ရသေးသော ကြိုတင်အစီရင်ခံစာ

ဖြန့်ချိ။ ။ အထွေထွေ
(၂၀၁၈)ခုနှစ်၊ ဩဂုတ်လ၊ (၂၄)ရက်

မူရင်း။ ။ အင်္ဂလိပ်ဘာသာ

**လူ့အခွင့်အရေးကောင်စီ**

**(၃၉) ကြိမ်မြောက်အစည်းအဝေး**

(၂၀၁၈) ခုနှစ်၊ စက်တင်ဘာလ (၁၀)ရက်နေ့မှ (၂၈)ရက်နေ့ထိ

အစီအစဉ်အမှတ် (၄)

**ကောင်စီ၏ အာရုံစိုက်မှုလိုအပ်သော လူ့အခွင့်အရေးအခြေအနေများ**

## သီးသန့်လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင်း၏ မြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာ*

အနှစ်ချုပ်

လက်ရှိအစီရင်ခံစာတွင် မြန်မာနိုင်ငံဆိုင်ရာ သီးသန့်လွတ်လပ်သော နိုင်ငံတကာ အချက်အလက် ရှာဖွေရေးမစ်ရှင်း၏ အဓိကတွေ့ရှိချက်များနှင့် အကြံပြုချက်များကို တင်ပြထားသည်။ **

This is not an official translation of the United Nations.
Refer to A/HRC/39/64 for the official English version of this document.

ဤအစီရင်ခံစာသည် ကုလသမဂ္ဂ၏ တရားဝင် ဘာသာပြန်မဟုတ်ပါ။ အင်္ဂလိပ်ဘာသာဖြင့် ရေးသားဖော်ပြထားသောစာတမ်းအမှတ် (A/HRC/39/64) ကို တရားဝင်မူရင်း အဖြစ် ကြည့်ရှုပါ။

* နောက်ဆုံးဖြစ်ပေါ်ခဲ့သော တိုးတက်ပြောင်းလဲမှုများကို ထင်ဟပ်ဖော်ပြနိုင်ရန် လက်ရှိအစီရင်ခံစာကို နောက်ဆုံး အနေနှင့် တင်ပြရန် သတ်မှတ်ထားသော ရက်ထက် ကျော်လွန်၍ တင်သွင်းခဲ့သည်။

** အသေးစိတ်တွေ့ရှိချက်များကို သိရှိလိုပါက အစီရင်ခံစာ (A/HRC/39/CRP.2) ကိုကြည့်ပါ။

# မာတိကာ


| | | | |
|---|---|---|---|
| ၁။ | နိဒါန်း | | ၃ |
| ၂။ | ပြဋ္ဌာန်းထားသောလုပ်ပိုင်ခွင့်နှင့် လုပ်ထုံးနည်းနာ | | ၃ |
| | (က) | ပြဋ္ဌာန်းထားသောလုပ်ပိုင်ခွင့် | ၃ |
| | (ခ) | လုပ်ထုံးနည်းနာ | ၄ |
| | (ဂ) | ဥပဒေမူဘောင် | ၅ |
| ၃။ | နောက်ခံအခြေအနေ | | ၆ |
| ၄။ | ကိုယ်စားပြုသော ဖြစ်ရပ်များ | | ၈ |
| | (က) | ရခိုင်ပြည်နယ် | ၉ |
| | (ခ) | ကချင်နှင့် ရှမ်းပြည်နယ်များ | ၂၄ |
| | (ဂ) | အခြေခံလုပ်ပိုင်ခွင့်များ | ၃၀ |
| ၅။ | တပ်မတော်စစ်ဆင်ရေး၏ ထူးခြားသိသာသော လက္ခဏာများ | | ၃၂ |
| | (က) | အရပ်သားများကို ပစ်မှတ်ထားခြင်း | ၃၂ |
| | (ခ) | လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု | ၃၃ |
| | (ဂ) | ဖယ်ထုတ်လိုသော ရည်ရွယ်ချက်ဖြင့် ပြောဆိုမှုများ | ၃၄ |
| | (ဃ) | ပြစ်ဒဏ်မှကင်းလွတ်နေမှု | ၃၄ |
| ၆။ | အပြည်ပြည်ဆိုင်ရာဥပဒေအရ ရာဇဝတ်မှုများ | | ၃၅ |
| | (က) | ဂျန်နိုဆိုက် (ခေါ်) မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ခြင်း | ၃၅ |
| | (ခ) | လူသားတမျိုးနွယ်လုံး အပေါ် သက်ရောက်သည့် ရာဇဝတ်မှုများ | ၃၇ |
| | (ဂ) | စစ်ရာဇဝတ်မှုများ | ၃၇ |
| ၇။ | တာဝန်ဝတ္တရားများ | | ၃၈ |
| ၈။ | တာဝန်ယူ အပြစ်ခံမှု | | ၄၀ |
| ၉။ | အဓိကကောက်ချက်များနှင့် အကြံပြုထောက်ခံချက်များ | | ၄၂ |

## ၁။ နိဒါန်း

၁။ လူ့အခွင့်အရေးကောင်စီသည် ဆုံးဖြတ်ချက်အမှတ် (၃၄/၂၂) ဖြင့် မြန်မာနိုင်ငံဆိုင်ရာ သီးသန့်လွတ်လပ်သော၊ နိုင်ငံတကာ အချက်အလက်ရှာဖွေရေးအဖွဲ့ (မစ်ရှင်း) ကို ဖွဲ့စည်းခဲ့သည်။ ကောင်စီသမ္မတသည် မာဇူကီး ဒါရူစမန်း (အင်ဒိုနီးရှား) ကို ဥက္ကဋ္ဌအဖြစ်၊ ရဒီကာ ကူမရာဆွာမိ (သီရိလင်္ကာ) နှင့် ခရစ္စတိုဖာ စီဒိုတီ (ဩစတေးလျ) တို့ကို အဖွဲ့ဝင်များအဖြစ် ခန့်အပ်ခဲ့သည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးမှ အတွင်းရေးမှူးအဖွဲ့ကို ရွေးချယ်ခန့်အပ်ခဲ့သည်။

၂။ အဆိုပါမစ်ရှင်းအဖွဲ့သည် ကောင်စီ၏ (၃၆)ကြိမ်မြောက် အစည်းအဝေးပွဲတွင် နှုတ်ဖြေ ထုတ်ပြန်ချက်ကို တင်ပြသည့်အပြင်၊ (၃၇)ကြိမ်မြောက် အစည်းအဝေးပွဲတွင် ကြားဖြတ် အစီရင်ခံစာကို နှုတ်ဖြင့်ထုတ်ပြန်ခဲ့ပြီး၊ (၂၀၁၇) ခုနှစ်၊ ဒီဇင်ဘာလ (၅) ရက်နေ့က ကျင်းပခဲ့သော (၂၇)ကြိမ်မြောက် အထူးအစည်းအဝေးပွဲတွင် ဗီဒီယိုမှတဆင့် မိန့်ခွန်း ပြောကြားခဲ့သည်။ မစ်ရှင်းအား အပြီးသတ်အစီရင်ခံစာကို (၃၉)ကြိမ်မြောက် အစည်းအဝေးသို့ တင်သွင်းရန် မေတ္တာရပ်ခံထားသည့် ကောင်စီဆုံးဖြတ်ချက်အမှတ် (၃၆/၁၁၅) ကိုလိုက်နာလျက် လက်ရှိအစီရင်ခံစာကို တင်သွင်း လိုက်သည်။ ဤအစီရင်ခံစာတွင် မစ်ရှင်း၏ အဓိက တွေ့ရှိချက်များနှင့် အကြံပြုထောက်ခံချက် များကို တင်ပြထားသည်။ အသေးစိတ်ကို စာတမ်းအမှတ်(A/HRC/39/CRP.2)တွင် တွေ့ရှိ နိုင်သည်။

၃။ ကောင်စီနှင့် မစ်ရှင်းတို့က မေတ္တာရပ်ခံသော်ငြားလည်း မြန်မာနိုင်ငံအစိုးရမှ ပူးပေါင်း ဆောင်ရွက်ခြင်း မရှိသည်ကို မစ်ရှင်းအနေဖြင့် ဝမ်းနည်းဖွယ်ရာ တွေ့ရှိရပါသည်။ နိုင်ငံတွင်း ဝင်ရောက်ခွင့်ရရန် မစ်ရှင်းမှ (၂၀၁၇) ခုနှစ်၊ စက်တင်ဘာလ (၄) ရက်၊ (၂၀၁၇) ခုနှစ်၊ နိုဝင်ဘာလ (၁၇) ရက် နှင့် (၂၀၁၈) ခုနှစ်၊ ဇန်နဝါရီလ (၂၉) ရက်နေ့ တို့တွင် စာပို့၍မေတ္တာရပ်ခံခဲ့သည်။ (၂၀၁၈) ခုနှစ်၊ မတ်လ (၂၇) ရက်နေ့တွင် အသေးစိတ် မေးခွန်းများပါဝင်သော စာရင်းအား ပေးပို့မေးမြန်းခဲ့သည်။ မစ်ရှင်းသည် အစိုးရကိုယ်စားလှယ်များနှင့် အလွတ်သဘောထိတွေ့မှုကို အကန့်အသတ်ဖြင့် ရရှိခဲ့သော်လည်း ၎င်း၏စာများအပေါ် တရားဝင်အကြောင်းပြန်မှုကို မရရှိခဲ့ပါ။ လက်ရှိ အစီရင်ခံစာအား အများပြည်သူသို့ မထုတ်ပြန်မီ၊ မြန်မာအစိုးရထံ ပေးပို့ခဲ့သည်။ တုံ့ပြန်မှု မရှိခဲ့ပါ။

## ၂။ ပြဋ္ဌာန်းထားသောလုပ်ပိုင်ခွင့်နှင့် လုပ်ထုံးနည်းနာ

### (က) ပြဋ္ဌာန်းထားသောလုပ်ပိုင်ခွင့်

၄။ ပြစ်မှုကျူးလွန်ထားသူများအား အပြည့်အဝ တာဝန်ယူအပြစ်ခံမှု ရှိစေရန်နှင့် အကျူးလွန်ခံ ရသူများ အတွက် တရားမျှတမှုရှိစေရန် ရည်ရွယ်၍၊ မကြာသေးမီ အချိန်၌ မြန်မာနိုင်ငံ၊ အထူးသဖြင့် ရခိုင်ပြည်နယ်အတွင်း တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့များက လူ့အခွင့်အရေး ချိုးဖောက်မှုများ ကျူးလွန်ခဲ့သည်ဆိုသော စွပ်စွဲချက်များ၊ အလွဲသုံးစားပြုမှုများ စသည်တို့နှင့် ပတ်သက်သည့်

အချက်အလက်၊ အခြေအနေများကို အတည်ပြုရန် ဆုံးဖြတ်ချက်အမှတ် (၃၄/၂၂)က မစ်ရှင်းကို ဤကဲ့သို့ လုပ်ပိုင်ခွင့် ပြဋ္ဌာန်းအပ်နှင်းခဲ့သည်။

၅။ မစ်ရှင်းသည် ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်များ၌ (၂၀၁၁) နောက်ပိုင်းတွင် ဖြစ်ပွားခဲ့သော အခြေအနေများကို အရေးစိုက်လေ့လာခဲ့သည်။ ဤသည် (၂၀၁၁) ခုနှစ်တွင် ကချင်ပြည်နယ်၌ တိုက်ပွဲများ တဖန်ပြန်လည်ဖြစ်ပွားခြင်း၊ ရှမ်းပြည်နယ်တွင် တိုက်ပွဲအရှိန် မြင့်မားလာခြင်းနှင့် (၂၀၁၂) ခုနှစ်တွင် ရခိုင်ပြည်နယ်၌ အဓိက အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ခြင်းတို့ကို ထင်ဟပ်စေသည်။ ၎င်း အဖြစ်အပျက်တို့သည် အပြောင်းအလဲဖြစ်စေသော စေ့ဆော်ချက်များဖြစ်ပြီး၊ ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အလွဲသုံးစားမှုများ ရှိခဲ့သည်ဟု စွပ်စွဲချက် အသစ်များ စပ်လျဉ်း၍ ပေါ်ပေါက်လာခဲ့သည်။ မစ်ရှင်းသည် အချက်အလက်များကို ခြေခြေမြစ်မြစ် ရှာဖွေရန် အရေးပါသော ဖြစ်ရပ်အတော်များများကို ရွေးချယ်ခဲ့သည်။ ချိုးဖောက်မှုများ၊ အလွဲသုံးစားမှုများ ရှိခဲ့သည်ဟူသော အတိအကျစွပ်စွဲချက်များနှင့် ပတ်သက်၍ ၎င်းဖြစ်ရပ်များမှတဆင့် အသေးစိတ် အချက်အလက်များကို ရှာဖွေတွေ့ရှိခဲ့သည်။ တချိန်တည်းတွင် ယေဘုယျအားဖြင့် လုပ်နေကျ ဖြစ်သော အပြုအမူ စရိုက်များကိုလည်း ဖော်ထုတ်နိုင်ခဲ့သည်။ တခြားအခြေအနေများ၌လည်း ဆိုးရွားသော စွပ်စွဲချက်များ ပေါ်ပေါက်လာခဲ့ပြီး၊ ၎င်းတို့အား ဆက်လက်စုံစမ်းရန် လိုအပ်လျက် ရှိသည်။

## (ခ) လုပ်ထုံးနည်းနာ

၆။ တွေ့ရှိခဲ့သည့် အချက်အလက်များအား “ယုတ္တိရှိသော” ဟူသည့် စံချိန်အပေါ် အခြေခံ၍ အတည်ပြုခဲ့သည်။ ဤစံချိန်ကို ပြည့်မီစေရန် အလို့ငှာ ယုံကြည်ထိုက်သော အရင်းခံ အကြောင်းအရာများ လုံလုံလောက်လောက်ရှိပြီး၊ တခြားသော အချက်အလက်များနှင့်လည်း ကိုက်ညီသည် ဖြစ်ရာ၊ သာမန် ချင့်ချိန်နိုင်စွမ်းရှိသူတစ်ဦးက ဤကဲ့သို့ ဖြစ်ရပ် သို့မဟုတ် အပြုအမူပုံစံ ဖြစ်ပွားခဲ့သည်ဟု ကျိုးကြောင်းဆီလျော်စွာ ကောက်ချက်ချနိုင်ရမည်။

၇။ မစ်ရှင်းသည် အရင်းခံ အချက်အလက် အများအပြားကို စုဆောင်းနိုင်ခဲ့သည်။ ကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေများကို သေချာသတ်မှတ်၍လည်းကောင်း၊ လက်တန်း ရွေးချယ်၍လည်းကောင်း၊ စုစုပေါင်း (၈၇၅) ဦးတို့အား ခြေခြေမြစ်မြစ် လူတွေ့မေးမြန်းခဲ့သည်။ ဂြိုလ်တုမှ ရိုက်ကူးထားသောပုံရိပ်များကို ရယူခဲ့ပြီး၊ စာရွက်စာတမ်းများ၊ ဓာတ်ပုံများနှင့် ဗီဒီယိုအမျိုးမျိုးတို့ကို အမှန်အကန် ဟုတ်သည်မဟုတ်သည် စစ်ဆေးခဲ့သည်။ ၎င်းတို့ကို အဖွဲ့အစည်းအသီးသီး၏ မတည်းဖြတ်ရသေးသော ဒေတာများ (သို့မဟုတ်) မှတ်စုများ၊ ကျွမ်းကျင် ပညာရှင်များနှင့် အင်တာဗျူးများ၊ တင်ပြချက်များ နှင့် လူသိရှင်ကြား ဖြစ်ပြီးသော အကြောင်း အရာများ အပါအဝင် ယုံကြည်အားကိုးထိုက်သည်ဟု အကဲဖြတ်ထားပြီးသော ထပ်ဆင့် အချက်အလက်များနှင့် ကိုက်ညီမှုရှိမရှိ စစ်ဆေးခဲ့သည်။ လိင်ပိုင်းဆိုင်ရာနှင့် ကျားမအခြေပြု

အကြမ်းဖက်မှုများဆိုင်ရာ၊ ကလေးစိတ်ပညာ၊ စစ်တပ်ရေးရာနှင့် မှုခင်းဆေးပညာဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်တို့ကိုလည်း နာခံခဲ့သည်။ မှန်ကန်မှုရှိ၊ မရှိ စစ်ဆေးထား ပြီးသား၊ အထောက်အထား ခိုင်မာသည့် အချက်အလက်များကိုသာ အခြေခံ အသုံးပြုခဲ့သည်။

၈။ အချက်အလက်စုဆောင်းရန် မစ်ရှင်းအဖွဲ့ဝင်များသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ယူကေသို့ သွားရောက်ခဲ့သည်။ (၂၀၁၇) ခုနှစ်၊ စက်တင်ဘာလနှင့် (၂၀၁၈) ခုနှစ်၊ ဇူလိုင်လများကြားတွင် ထပ်မံကွင်းဆင်းလေ့လာခြင်း အများအပြားကို ထမ်းဆောင် ခဲ့သည်။ မစ်ရှင်းသည် အစိုးရများကြားနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ သုတေသီများနှင့် သံတမန်များ အပါအဝင် တခြားပါဝင်ပတ်သက်သူများနှင့် လူဖြင့်တွေ့၍လည်းကောင်း၊ အဝေးမှ လည်းကောင်း အကြိမ်ပေါင်း (၂၅၀) ကျော် အတိုင်ပင်ခံခဲ့သည်။ အများပြည်သူအား တင်ပြရန် ခေါ်ဆိုချက်မှ အပါအဝင်၊ စာဖြင့်ရေးသား တင်ပြချက်များကို မစ်ရှင်းက လက်ခံရရှိခဲ့သည်။

၉။ မစ်ရှင်းသည် လွတ်လပ်မှု၊ ဘက်မလိုက်မှုနှင့် ဓမ္မဓိဋ္ဌာန်ကျမှု အခြေခံမှုများကို တိကျစွာ လိုက်နာသည်။ အချက်အလက်အရင်းအမြစ်များထံ ၎င်းတို့ပြောကြားသည့် အကြောင်းအရာကို အသုံးပြုခွင့်ရှိမရှိ မေးမြန်းခဲ့သည်။ လိုအပ်သလို လျှို့ဝှက်ပေးသည်။ လက်တုန့်ပြန်မှုများ အမှန်တကယ်ရှိသဖြင့် ကြောက်နေကြသည်ကို ထည့်သွင်း စဉ်းစားလျက်၊ ကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေများကို အထူးအလေးပေး ကာကွယ်ခဲ့သည်။ မြန်မာနိုင်ငံ၏ အခြေအနေကို စစ်ဆေးနေသော ကောင်စီယန္တရားများနှင့် ပူးပေါင်းဆောင်ရွက်သူများ ရင်ဆိုင်နေရသည့် ခြောက်လှန့်ခံရမှု နှင့် ခြိမ်းခြောက်ခံရမှုတို့အပေါ် မစ်ရှင်းသည် အလွန်အမင်း စိုးရိမ်မိသည်။ မြန်မာနိုင်ငံအား လူ့အခွင့်အရေးခုခံသူများကို ကာကွယ်စောင့်ရှောက်ပေးရန် မစ်ရှင်းက တိုက်တွန်းလိုသည်။

## (ဂ) ဥပဒေမူဘောင်

၁၀။ အချက်အလက်များအား မြန်မာနိုင်ငံတွင် အကျုံးဝင် သက်ရောက်သော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေ၊ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေနှင့် အပြည်ပြည် ဆိုင်ရာ ရာဇဝတ်မှု ဥပဒေများနှင့်အညီ အကဲဖြတ် ဆန်းစစ်ခဲ့သည်။ ကချင်နှင့် ရှမ်းပြည်နယ်တို့ရှိ ပြည်တွင်းလက်နက်ကိုင်တိုက်ပွဲများအပြင်၊ ရခိုင်ပြည်နယ်ရှိ အာရ်ကန်ရိုဟင်ဂျာ ကယ်တင်ရေး တပ်မတော် (အာဆာ) နှင့် မြန်မာ့လုံခြုံရေးတပ်ဖွဲ့တို့အကြား ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများသည်

အနည်းဆုံးအားဖြင့်၊ (၂၀၁၇) ခုနှစ်၊ ဩဂုတ် (၂၅) ရက်မှစတင်၍ ပြည်တွင်းလက်နက်ကိုင်တိုက်ပွဲ အဖြစ် သက်ရောက်သည်ဟု မစ်ရှင်းက မှတ်ယူလိုက်သည်။[၁]

## ၃။ နောက်ခံအခြေအနေ

၁၁။ (၁၉၆၂) ခုနှစ်မှစတင်၍ မြန်မာနိုင်ငံကို စစ်အစိုးရအဆက်ဆက်က အုပ်ချုပ်ခဲ့ကြသည်။ (၂၀၀၈) ခုနှစ်တွင် စစ်တပ်က ပုံဖော်ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို အတည်ပြုခဲ့သည်။ ၎င်းကို နိုင်ငံရေးနှင့်အုပ်ချုပ်ရေးတွင် ကြီးစိုးနိုင်သော နေရာ ရာထူးများအား စစ်တပ်မှ ဆက်လက် ထိန်းသိမ်းနိုင်ရန် စီမံထားသည်။ ဤဖွဲ့စည်းပုံက စစ်တပ်နှင့် အရပ်ဘက် နှစ်ပိုင်း ပါဝင်သော အစိုးရစနစ်ကို ချမှတ်ပေးခဲ့သည်။ (တပ်မတော်ဟုခေါ်တွင်သော) စစ်တပ်သည် လွှတ်တော် နှစ်ရပ်လုံးတွင် အမတ်နေရာ (၂၅) ရာခိုင်နှုန်းကို ခန့်အပ်နိုင်သည်။ ကာကွယ်ရေး၊ နယ်စပ်ရေးရာနှင့် ပြည်ထဲရေး စသည့် အဓိကဝန်ကြီးဌာန (၃) ခု၏ တာဝန်ခံဝန်ကြီးချုပ်များကိုလည်း ရွေးချယ် နိုင်သည်။ ဆက်လက်၍ ဒုတိယသမ္မတနှစ်ဦးရှိသည့်အနက်၊ အနည်းဆုံး တစ်ဦးကို ရွေးချယ်နိုင်သည်။ ဤသို့နည်းဖြင့် တပ်မတော်က နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အပါ လုံခြုံရေး ယန္တရားတစ်ရပ်လုံးကို ထိန်းချုပ်နိုင်သည့်အပြင်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကိုလည်း ပိတ်ဆို့နိုင်သည်။ တပ်မတော်တွင် မိမိ၏ရေးရာများကို အရပ်ဘက်၏ ကြီးကြပ်မှုမပါဘဲ လွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့် နှင့် တရားစီရင်နိုင်ခွင့်ရှိသည်။ အစိုးရဌာနအားလုံး၊ နိုင်ငံ့ဝန်ထမ်းများ နှင့် တရားစီရင်ရေး အပါအဝင်၊ များစွာသော နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများတွင်လည်း လက်ရှိ စစ်တပ်အရာရှိများနှင့် အရာရှိဟောင်းများသည် အာဏာရှိသော ရာထူးများကို ရယူထားကြသည်။ (၂၀၁၀) ခုနှစ်တွင် ဦးသိန်းစိန်အစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို မပြင်ဆင်ဘဲ၊ နိုင်ငံရေးနှင့် စီးပွားရေးလွတ်လပ်ခွင့်သို့ ဦးတည်သော ကျယ်ပြန့်သည့် ပြုပြင်ပြောင်းလဲမှုများကို စတင်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် (၂၀၁၅) ခုနှစ်၊ နိုဝင်ဘာရွေးကောက်ပွဲတွင် အနိုင်ရခဲ့ပြီး ယင်းပါတီကဦးဆောင်သောအစိုးရသည် (၂၀၁၆) ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် အာဏာ ရယူခဲ့သည်။ ပိတ်ဆို့မှုများကို ရုပ်သိမ်းလိုက်ပြီး နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို ကြိုဆိုခဲ့ကြသည်။

၁၂။ ဗမာလူမျိုးအပြင် မြန်မာနိုင်ငံတွင် တခြားသော တိုင်းရင်းသားအုပ်စုများရှိသည်။ ၎င်း တိုင်းရင်းသားများသည် ခန့်မှန်းခြေ စုစုပေါင်းလူဦးရေ၏ (၃၂) ရာခိုင်နှုန်းရှိသည်။[၂] လွတ်လပ်ရေး ရသည့်အချိန်မှစ၍၊ များစွာသော တိုင်းရင်းသားအခြေပြုလက်နက်ကိုင်ပဋိပက္ခများအား အသုံးချကာ တပ်မတော်သည် ၎င်း၏အာဏာတည်မြဲရေးကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအား အာမခံသူ

[၁] ဤအကဲဖြတ်ချက်သည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီ ကော်မတီ(ICRC)၏ ဆန်းစစ်ချက်နှင့် ကိုက်ညီသည်။ ဥပမာအားဖြင့် "အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီဥက္ကဋ္ဌ၏ (၂၀၁၈) ခုနှစ်၊ ဇွန်လ (၂) ရက်၊ ရှန်ဂရီလာဆွေးနွေးပွဲ မိန့်ခွန်း"ကို ကြည့်ရန်။

[၂] (၂၀၁၄) ခုနှစ်၊ မြန်မာနိုင်ငံ လူဦးရေနှင့်အိမ်ထောင်စုသန်းခေါင်စာရင်းကောက်ယူမှု စစ်တမ်း

အနေနှင့် လိုအပ်ကြောင်း အကြောင်းပြခဲ့သည်။ လူမျိုးအုပ်စု အတော်များများသည် နက်ရှိုင်းစွာ အမြစ်တွယ်နေသော နာကြည်းချက်များရှိနေကာ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပိုမိုရရှိရေး နှင့် သဘာဝ သံယံဇာတများအား ညီမျှစွာ ခွဲဝေပေးအပ်ရေးတို့အတွက် ကြိုးစားရုန်းကန်လျက်ရှိကြသည်။ အစိုးရ အဆက်ဆက်သည် အမျိုးသားပြန်လည်သင့်မြတ်ရေး စေ့စပ်ဆွေးနွေးမှုများ အစချီ၍ လုပ်ခဲ့ကြ သော်လည်း တိုက်ပွဲများ ဆက်လက် ဖြစ်ပွားလျက်ရှိသည်။ ဤပဋိပက္ခများသည် စစ်တပ်၏ နိုင်ငံတော်တည်ဆောက်ရေး ကြိုးပမ်းမှုများမှာ အောင်မြင်ခြင်း မရှိကြောင်း ညွှန်ပြလျက်ရှိသည်။ တိုင်းရင်းသားလူနည်းစုများတွင် စည်းလုံးညီညွတ်သော "မြန်မာ" ဟူ၍ အမျိုးသားရေးစိတ်ဓာတ် မရှိဘဲ၊ ဗမာဗုဒ္ဓဘာသာဝင်များ၏ ကြီးစိုးမှုအပေါ် မကျေနပ်မှုသာ ကြီးထွားလာသည်။ ထင်ရှားသည်မှာ စစ်အုပ်ချုပ်ရေးလက်အောက်တွင် "တိုင်းရင်းသားလူမျိုးများ" ဟူသော အယူအဆ သည် မြန်မာ့နိုင်ငံရေး အသိုက်အဝန်းတွင် အဖွဲ့ဝင်ဖြစ်ရေးအတွက် အဓိကကျသော စံလိုအပ်ချက် တဖြည်းဖြည်း ဖြစ်လာခြင်းပင်။ ထိုမှတဆင့်၊ မိမိတို့ တိုင်းရင်းသား မဟုတ်သော "သူများ" ဟူ၍ ဘုံယူဆချက်တစ်ရပ် ပေါ်ထွန်းလာသည်။ စစ်အစိုးရသည် အဓိက တိုင်းရင်းသား (၈)မျိုးမှ တိုင်းရင်းသားမျိုးနွယ်စု (၁၃၅) မျိုးအထိ ထပ်မံခွဲခြားခဲ့သည်။ ဤမျိုးနွယ်စုစာရင်း၌ ပါဝင်သူများ သည် မြန်မာနိုင်ငံတွင် "ဇာတိခံသူများ" အနေနှင့် အသိအမှတ်ပြုခံရသည်။ တခြားသူများ အားလုံးသည်၊ မည်မျှ အမျိုးဆက် အဆင့်ဆင့် မြန်မာနိုင်ငံတွင် နေထိုင်ခဲ့စေကာမူ၊ အပြင်လူများ အဖြစ်သာ၊ သို့မဟုတ် ဝင်ရောက်လာသူများအဖြစ်သာ မှတ်ယူခံရသည်။ ရိုဟင်ဂျာ[၃]တို့သည် ထိုလိုလူမျိုးတစ်မျိုး ဖြစ်သည်။ တပ်မတော်က ရှင်းလင်းပြောဆိုသည်မှာ "ကျီးတို့သည် ဒေါင်းတို့အကြား နေသော်ငြားလည်း ကျီးတို့သည် ဒေါင်းမျိုး မဖြစ်နိုင်ချေ"[၄] ဟူ၍ဖြစ်သည်။

၁၃။ (၂၀၁၄) ခုနှစ်၊ သန်းခေါင်စာရင်းအရ လူဦးရေ၏ (၈၇.၉) ရာခိုင်နှုန်းသည် ဗုဒ္ဓဘာသာဝင်များ၊ (၆.၂) ရာခိုင်နှုန်းသည် ခရစ်ယာန်ဘာသာဝင်များနှင့် (၄.၃) ရာခိုင်နှုန်းသည် မွတ်ဆလင်များ ဖြစ်ကြသည်။ ဗမာများသည် အဓိကအားဖြင့် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။ တခြားများစွာသော တိုင်းရင်းသားအုပ်စုများတွင် ဗုဒ္ဓဘာသာဝင်မဟုတ်သူ အမြောက်အမြားပါဝင်သည်။ (၁၉၆၀) ပြည့်လွန်နှစ်များတွင် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် သတ်မှတ်ရန် ကြိုးပမ်းမှုများသည် ညီညွတ်မှု စိတ်ဓာတ်အား ကွဲပြားစေခဲ့သည်။ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေက တခြားဘာသာများ ကို အသိအမှတ်ပြုသော်လည်း ဗုဒ္ဓဘာသာကို "ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသည့် ဘာသာသာသနာ ဖြစ်သည်ဟု" အသိအမှတ်ပြုထားသည်။ (၂၀၁၁) ခုနှစ်တွင် ပြုပြင်ပြောင်းလဲမှုများ စတင်ချိန်

---

[၃] မြန်မာနိုင်ငံတွင် "ဘင်္ဂါလီ"ဟုယေဘုယျအားဖြင့် ခေါ်ဝေါ်သော အုပ်စုကို "ရိုဟင်ဂျာ" ဟု အမည်တပ်လျှင် ခံစားချက်ပြင်းကြကြောင်း မစ်ရှင်းကသိရှိပါသည်။ ဤအခေါ်အဝေါ်ကို သုံးစွဲခြင်းသည် မိမိကိုယ်ကိုမိမိ မည်သူမည်ဝါဟု ပြောဆိုနိုင်ခွင့်နှင့် ကိုက်ညီသည်။

[၄] တပ်မတော်၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ ဖြန့်ဝေသော (၂၀၁၈)ထုတ် "မြန်မာ့နိုင်ငံရေးနှင့် တပ်မတော်"၊ စာမျက်နှာ (၁၁၅)။

ကတည်းက မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာအခြေခံ အမျိုးသားရေးဝါဒ တိုးတက်ခဲ့သည်။ ခါးသီးသော မွတ်ဆလင်ဆန့်ကျင်ရေးစကားများ တိုးပွားလာခဲ့သည်။ ဗုဒ္ဓဘာသာဝင်များနှင့် မွတ်ဆလင်များ အကြား အကြမ်းဖက်မှုများ များပြားလာခဲ့သည်။ ဗုဒ္ဓဘာသာအခြေခံအမျိုးသားရေးဝါဒီ အဖွဲ့အစည်းများ အနက် အကြီးမားဆုံးသော အဖွဲ့တစ်ဖွဲ့မှာ အမျိုးသား ဘာသာသာသနာ စောင့်ရှောက်ရေးအဖွဲ့ (သို့မဟုတ် "မဘသ") ဖြစ်သည်။ ၎င်းအဖွဲ့သည် မိမိကိုယ်ကို ဗုဒ္ဓဘာသာအား ကာကွယ်စောင့်ရှောက်သူအဖြစ် ပုံဖော်ထားသည်။ မဘသကို အမည်နာမအားဖြင့် ဖျက်သိမ်းခဲ့သော်လည်း၊ အမည်ပြောင်း၍ ဆက်ခံနေသူများကို ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံနေကြဆဲဖြစ်သည်။

၁၄။ ယနေ့ကာလတွင် တပ်မတော်သည် လူများစုဖြစ်သော ဗမာဗုဒ္ဓဘာသာဝင်များ အကြား ယခင်ကထက် ပိုမို ရေပန်းစားလျက်ရှိသည်။ အကြမ်းဖက်မှုများ၊ အထူးသဖြင့် "ရိုဟင်ဂျာ ပဋိပက္ခ"ကို အသုံးချကာ၊ စစ်တပ်က အန္တရာယ် အခြိမ်းအခြောက်ကျရောက်နေသော နိုင်ငံအား ကာကွယ်စောင့်ရှောက်နေသူအဖြစ် မိမိကိုယ်မိမိ ထပ်မံ အတည်ပြုနေသည်။ ထို့ဖြင့် ၎င်း၏ နိုင်ငံရေးကဏ္ဍကိုလည်း ဆက်လက် ခိုင်မာစေသည်။ ဤအချက်သည် တပ်မတော်၏ ဆိုးရွားသော လူ့အခွင့်အရေးမှတ်တမ်းကို လည်းကောင်း၊ စစ်အုပ်ချုပ်မှုကို ကာလကြာရှည်စွာ ဆန့်ကျင်ခဲ့သည့် ဒီမိုကရေစီလှုပ်ရှားမှုကို လည်းကောင်း ပြန်ပြီး စဉ်းစားကြည့်မည် ဆိုလျှင် အလွန်အံ့သြစရာ ကောင်းလှသည်။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအတွက် နှစ်ပေါင်း (၃၀) တိုင်တိုင် စိုးရိမ်ရသော နိုင်ငံဖြစ်ခဲ့ပြီး၊ (၁၉၉၁) ခုနှစ်မှ စတင်၍ လူ့အခွင့်အရေးအခြေအနေကို ပြစ်တင်ရှုံ့ချသော ဆုံးဖြတ်ချက်များ ချမှတ်ခံခဲ့ရသည်။ ဆယ်စုနှစ်ပေါင်း (၃) စုတိုင်၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် အဆက်ဆက်က လူ့အခွင့်အရေးချိုးဖောက်မှု ပုံစံများသည် ကျယ်ပြန့်ပြီး စနစ်တကျရှိကာ၊ နိုင်ငံတော်နှင့် စစ်တပ်၏ ပေါ်လစီ မူဝါဒကြောင့်ဖြစ်သည်ဟု ကောက်ချက်ချခဲ့ကြသည်။ ဆိုးရွားသောလူ့အခွင့်အရေးချိုးဖောက်မှုများ ဆိုင်ရာ စွပ်စွဲချက်များသည် (၂၀၁၁) ခုနှစ်မှ ယနေ့အထိ ဆက်လက်ဖြစ်ပေါ်နေလျက်ရှိပြီး၊ ၎င်းတို့ကို ဤအစီရင်ခံစာမှ အဓိကအာရုံစိုက် ဖော်ပြထားသည်။

## ၄။ ကိုယ်စားပြုသော ဖြစ်ရပ်များ

၁၅။ မစ်ရှင်းသည် ကိုယ်စားပြုသော ဖြစ်ရပ် (၃)ရပ်အပေါ်တွင် အဓိကအာရုံစိုက်ခဲ့သည်။ ၎င်းတို့မှာ ရခိုင်ပြည်နယ် ပဋိပက္ခ၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဖြစ်ပွားနေသော တိုက်ပွဲများနှင့် အမုန်းစကားကို အဓိကထား၍၊ အခြေခံလုပ်ပိုင်ခွင့်များ ကျင့်သုံးချက် အပေါ် ချိုးဖောက်မှုတို့ဖြစ်သည်။

## (က) ရခိုင်ပြည်နယ်

၁၆။ ရခိုင်ပြည်နယ်၏ ဆင်းရဲနွမ်းပါးမှုသည် တစ်နိုင်ငံလုံးအတိုင်းအတာထက် နှစ်ဆနီးပါးပိုမို ဆင်းရဲသည်။ ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းအားလုံးသည် နိမ့်ကျသော လူမှုဖူလုံရေး ဝန်ဆောင်မှုနှင့် အသက်မွေးဝမ်းကျောင်း အခွင့်အရေးများ ရှားပါးမှုတို့ကို ရင်ဆိုင်ခံစားနေကြရသည်။ ပြည်နယ်တွင်းရှိ လူဦးရေအများပြားဆုံးသောအုပ်စုနှစ်ခုမှာ ရခိုင်ဗုဒ္ဓဘာသာဝင်များနှင့် ရိုဟင်ဂျာမွတ်ဆလင်များဖြစ်ကြသည်။ ရခိုင်ဗုဒ္ဓဘာသာဝင်များမှာ အများစုဖြစ်ပြီး၊ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင်မူ ရိုဟင်ဂျာမွတ်ဆလင်များက လူများစုဖြစ်ကြသည်။ ကမန်မွတ်ဆလင်များ အပါအဝင် တခြားသော တိုင်းရင်းသားမျိုးနွယ်စုများလည်း ရှိကြသည်။ များသောအားဖြင့်၊ ရခိုင်ပြည်နယ်ရှိ ပြဿနာများသည် ရိုဟင်ဂျာများ နှင့် ရခိုင်များအကြား ဆက်ဆံရေး ညံ့ဖျင်းသောကြောင့် ပေါ်ပေါက်လာခဲ့ရသည်ဟု ဆိုကြသည်။ ထိုပြဿနာများသည် နက်ရှိုင်းစွာ အမြစ်တွယ်နေသော မကျေနပ်မှုများနှင့် ဘက်လိုက်မလို အမုန်းတရားများကြောင့်ဖြစ်သည်။ သို့သော်လည်း၊ မစ်ရှင်းမှ မေးမြန်းခဲ့သော ရိုဟင်ဂျာ နှင့် ရခိုင်အများစုက (၂၀၁၂) မတိုင်မီက၊ ၎င်းတို့ အကြား ဆက်ဆံရေး ကောင်းမွန်ခဲ့ကြောင်း၊ အရောင်းအဝယ်စီးပွားရေး နှင့် မိတ်ဆွေသူငယ်ချင်း အရ ခင်မင်ရင်းနှီးမှုများ ရှိခဲ့ကြကြောင်း ပြောပြကြသည်။

## (၁) ရခိုင်တိုင်းရင်းသားများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ

> "ရခိုင်တွေရဲ့ ဖြစ်ရပ်ကို တစ်ကမ္ဘာလုံးသိအောင် ပြောပြချင်တယ်။ ဘာကြောင့်လဲ ဆိုတော့ ကျွန်တော်တို့ဆီမှာ ဖြစ်နေတာတွေ ကမ္ဘာက မသိကြဘူး။[၅]"

၁၇။ ရခိုင်တိုင်းရင်းသားတို့အပေါ် မြန်မာ့လုံခြုံရေးတပ်ဖွဲ့မှ ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများ ကျူးလွန်ခဲ့သည်ကို အထူးအလေးပေး ပြောကြားခဲ့ကြသည့် ရခိုင်တိုင်းရင်းသား အမြောက်အများနှင့် မစ်ရှင်းက စကားပြောဆိုခဲ့သည်။ ၎င်းချိုးဖောက်မှုများသည် မြန်မာနိုင်ငံရှိ တခြားတိုင်းရင်းသား လူမျိုးစုများ ခံစားနေရသည့် အတွေ့အကြုံများနှင့် ဆင်တူသည်။

၁၈။ တပ်မတော်သည် ရခိုင်အမျိုးသား၊ အမျိုးသမီးများနှင့် ကလေးငယ်တို့အား အတင်းအဓမ္မ၊ သို့မဟုတ် မလုပ်မနေရ အဖြစ် ချွေးတပ်ဆွဲသည်။ များသောအားဖြင့် "ပေါ်တာ"ဆွဲသည့် အနေနှင့် ဖြစ်သည်။ အခြားသော ချိုးဖောက်မှုများမှာ လယ်ယာမြေများကို သိမ်းယူခြင်းဖြင့် ကိုယ်ပိုင်မြေမှ အတင်းအဓမ္မ နှင်ထုတ်ခြင်း၊ တရားလက်လွတ်ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်း၊ အသက်ရှင်ပိုင်ခွင့်ကို ချိုးဖောက်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဂုဏ်သိက္ခာရှိရှိ နေထိုင်နိုင်ခွင့်ကို ချိုးဖောက်ခြင်း၊ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို ချိုးဖောက်ခြင်းတို့ပါဝင်သည်။ တပ်မတော်စစ်သားများသည် ရခိုင်

[၅] တခြားနည်းဖြင့်ဖော်ပြထားခြင်းမရှိပါက၊ ပြောဆိုချက်များသည် ကျူးလွန်ခံရသူများနှင့် တွေ့ဆုံမေးမြန်းခြင်းမှ ရရှိခဲ့သည့် ကောက်ချက်များဖြစ်သည်။

အမျိုးသမီးများကို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ များသောအားဖြင့် ချွေးတပ်ဆွဲနေခိုက်တွင် ကျူးလွန်ခြင်းတို့ ပြုခဲ့ကြသည်။ ဥပမာအားဖြင့်၊ အကျူးလွန်ခံခဲ့ရသူ အမျိုးသမီးတစ်ယောက်က (၂၀၁၇)ခုနှစ်တွင် တပ်မတော် ဗိုလ်ကြီးတစ်ဦးက သူမကို စစ်အခြေစိုက်စခန်း တစ်နေရာသို့ ခေါ်ဆောင်သွားပြီး၊ ထိုးနှက်ရိုက်ပုတ်ကာ အဓမ္မပြုကျင့်ခဲ့ပုံကို ပြောပြခဲ့သည်။

၁၉။ ရခိုင်လူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ် လက္ခဏာတို့ကို ထုတ်ဖော်ကျင်းပမှုများအား ဖိနှိပ်ကန့်ကွက်သည့် လုပ်ရပ်များလည်း ရှိခဲ့သည်ဟု အစီရင်ခံစာများမှတဆင့် မစ်ရှင်းသို့ တင်ပြခဲ့ကြသည်။ ဥပမာအားဖြင့် (၂၀၁၈) ခုနှစ်၊ ဇန်နဝါရီလတွင် နှစ်စဉ် ကျင်းပမြဲ ဖြစ်သည့် ရခိုင်တိုင်းရင်းသားပွဲတော်တစ်ခုအား ဖျက်သိမ်းခြင်းကို ဆန့်ကျင်သည့် မြောက်ဦးဆန္ဒပြပွဲတွင် ရဲများက အင်အားအလွန်အကျွံသုံးမှုကြောင့် ဆန္ဒပြသူ (၇) ဦး အသက်ဆုံးရှုံးခဲ့ရသည်။

## (၂) ရိုဟင်ဂျာများအား စနစ်တကျဖိနှိပ်မှုနှင့် ညှဉ်းပန်းမှုများ

> ရခိုင်ပြည်နယ်မှာ မွတ်ဆလင်တွေက လှောင်ချိုင့်ထဲမှာနေရသလိုပါပဲ၊ ဘယ်ကိုမှ သွားလို့မရဘူး။ ရခိုင်က မွတ်ဆလင်တွေမှာ လူ့အခွင့်အရေးဆိုတာ လုံးဝမရှိပါဘူး။ ဘာဖြစ်လို့ ဘုရားသခင်က ကျွန်တော်တို့ကို အဲဒီကို ပို့လိုက်သလဲဆိုတာ စဉ်းစားလို့ကို မရဘူး။

၂၀။ ရိုဟင်ဂျာများကို "တခြားသူ" ပြုမှု နှင့် ခွဲခြားနှိမ့်ချ ဆက်ဆံမှု တို့မှာ (၂၀၁၂) မတိုင်မီ ရှေးရှေးကတည်းကဖြစ်သည်။ သူတို့သည် အလွန်အမင်း ထိခိုက်လွယ်သူများ ဖြစ်နေရခြင်းမှာ ဆယ်စုနှစ်ပေါင်းများစွာ ကျင့်သုံးခဲ့သည့် နိုင်ငံတော် ပေါ်လစီမူဝါဒများနှင့် ပြုကျင့်မှုများ၏ နောက်ဆုံးတွဲ ရလဒ်ပင် ဖြစ်သည်။ ရိုဟင်ဂျာများကို တဖြည်းဖြည်းနှင့် ပထုတ်လာသည်။ ရလဒ်ကတော့ မွေးကင်းစမှ သေဆုံးချိန်အထိ ပြင်းပြင်းထန်ထန်၊ စနစ်တကျ၊ တရားဝင် ဥပဒေများမှ တဆင့် ဖိနှိပ်ထားသည့် အခြေအနေများပင်။ ၎င်းတို့သည် ယခုအထိ ဆက်လက်ဖြစ်ပေါ်နေဆဲ ဖြစ်သည်။

၂၁။ ဤတွင် အရေးအကြီးဆုံးအချက်မှာ တရားဝင်နေထိုင်ခွင့်အခြေအနေ မရှိခြင်း ဖြစ်သည်။ နိုင်ငံသားဖြစ်ခွင့်နှင့် နိုင်ငံရေးဆိုင်ရာအခွင့်အရေးတို့ကို ထိန်းချုပ်သည့် ဥပဒေနှင့် မူဝါဒအဆင့်ဆင့် ရေးဆွဲရာတွင် ရိုဟင်ဂျာများ တဖြည်းဖြည်း ပိုမို၍ မပါဝင်နိုင်အောင် ပုံစံဖော်လာပြီး၊ ထိုမူဝါဒများကို ကျင့်သုံးသည့် အခါတွင် တရားလက်လွတ် ထင်ရာစိုင်းပြီး၊ ခွဲခြားနှိမ့်ချဆက်ဆံကြသည်။ ရိုဟင်ဂျာ အများစုမှာ အပြုသဘောအားဖြင့် နိုင်ငံမဲ့ဖြစ်လာကြပြီး၊ နိုင်ငံသားဖြစ်ခွင့်မှ စိတ်ထင်သလို ဖယ်ထုတ်ခြင်းခံခဲ့ရသည်။ ဤကိစ္စကို (၁၉၈၂) မြန်မာ့နိုင်ငံသား ဥပဒေနှင့် မဖြေရှင်းနိုင်ပါ။ အစိုးရက အကြံပြုတင်ပြထားသည့် နိုင်ငံသားစိစစ်ဆေးရေး လုပ်ငန်းစဉ်အတိုင်း လုပ်ဆောင်ရန် မဖြစ်နိုင်ပါ။ အဓိကပြဿနာမှာ (၁၉၆၀) ပြည့်လွန်နှစ်များတွင် အာဏာရှင် ဦးနေဝင်းမှ အစပြုခဲ့သည့် "တိုင်းရင်းသားလူမျိုးများ" ဆိုသော အယူဝါဒနှင့် အတူပါရှိလာသော ဖယ်ထုတ်ရေးစကားများ၏

ထင်ပေါ်ကျော်ကြားမှုဖြစ်သည်။ "တိုင်းရင်းသားလူမျိုးများ" နှင့် နိုင်ငံသားဖြစ်မှုတို့ ကြားဆက်နွယ်နေချက်ကြောင့် ရိုဟင်ဂျာတို့အတွက် အလွန်ဆိုးဝါးသော အကျိုးဆက်များ ဖြစ်ပေါ်လာခဲ့ရသည်။

၂၂။ စစ်အစိုးရ၏ ဖယ်ထုတ်ရန် ရည်မှန်းထားသော အမြော်အမြင်ကို အကောင်အထည်ဖော်နေသည့် နောက်ခံအခြေအနေတွင် (၁၉၇၀) နှင့် (၁၉၉၀) ပြည့်နှစ်များ၌ ရိုဟင်ဂျာများအား နှင်ထုတ်ခြင်းသည် ကနဦး လက္ခဏာများ ဖြစ်သည်။ ကုလသမဂ္ဂ လူ့အခွင့်အရေး ယန္တရားများနှင့် အရပ်သား အသိုက်အဝန်းအပါအဝင် လေ့လာစောင့်ကြည့်သူများအားလုံးက မြန်မာ့အာဏာပိုင်များနှင့် နိုင်ငံတကာအသိုက်အဝန်းတို့အား ဆယ်စုနှစ်ပေါင်းများစွာအချိန်ယူ၍ တဖြည်းဖြည်းပေါ်ပေါက်လာသည့် ကပ်ဆိုး ဆိုက်တော့မည်ဟု သတိပေးခဲ့ကြသည်။

၂၃။ ရိုဟင်ဂျာများအား ရွာများ၊ မြို့နယ်များအတွင်း နှင့် ရခိုင်ပြည်နယ်ပြင်ပသို့ ကူးသန်းသွားလာခြင်းများ မပြုလုပ်နိုင်ရန် ခွဲခြားနှိမ့်ချဆက်ဆံသော ခရီးသွားလာရေး ခွင့်ပြုချက်စနစ်ဖြင့် ကန့်သတ်ထားသည်မှာ ကြာပြီဖြစ်သည်။ ဤကန့်သတ်ချက်ကြောင့် အစားအစာရရှိခွင့်၊ ကျန်းမာရေးခံစားခွင့်နှင့် ပညာသင်ခွင့် အပါအဝင် စီးပွားရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများအပေါ်တွင် လေးနက်သော ထိခိုက်မှုများ ဖြစ်ခဲ့သည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် အစားအာဟာရချို့တဲ့မှုအဆင့်မှာ ထိတ်လန့်ဖွယ်ရာ မြင့်တက်နေလျက်ရှိသည်။ အခြားခွဲခြားဆက်ဆံသည့် ကန့်သတ်ချက်များမှာ လက်ထပ်ထိမ်းမြားခြင်း ခွင့်ပြုချက် လုပ်ထုံးလုပ်နည်းများ၊ ကလေးအရေအတွက်နှင့် သားဆက်ခြားရမည့် ကန့်သတ်ချက်နှင့် ရိုဟင်ဂျာ ကလေးများကို မွေးစာရင်းမှတ်တမ်းတင်ရာတွင် သာတူညီမျှအခွင့်အရေး မပေးခြင်းတို့ ဖြစ်သည်။ ဆယ်စုနှစ်ပေါင်းများစွာတိုင်အောင် လုံခြုံရေးတပ်ဖွဲ့များသည် ရိုဟင်ဂျာများထံမှ ခိုးယူခြင်းနှင့် ဆက်ကြေးကောက်ခြင်းများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ခဲ့ကြသည်။ တရားလက်လွတ်ဖမ်းဆီးခြင်း၊ ချွေးတပ်ဆွဲခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း နှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းများသည် အပုံ့အနှံ့ဖြစ်ပွားလျက်ရှိသည်။

## (၃) (၂၀၁၂) အကြမ်းဖက်မှု

> ထွက်ပြေးလာတုန်းက ငိုကြတယ်လေ။ (၂၅) နှစ်လုံးလုံး ကြိုးကြိုးပမ်းပမ်း လုပ်ခဲ့တာတွေ အလကားဖြစ်ကုန်တာပေ့ါ။ ကျွန်တော်တို့ကတော့ သေတော့မှာပါ။ ဒါပေမယ့် သားသမီးတွေနဲ့ မြေးတွေကျတော့ ဘယ်လိုလုပ်ကြမလဲ။

၂၄။ ၎င်းနောက်ခံအခြေအနေမှတဆင့်၊ (၂၀၁၂) ခုနှစ်၊ ဇွန်လနှင့် အောက်တိုဘာလတို့တွင် ရခိုင်ပြည်နယ်၌ အကြမ်းဖက်မှု နှစ်ကျော့ပြန် ဖြစ်ပွားခဲ့ပြီး၊ မြို့နယ်ပေါင်း (၁၂) ခုကို ထိခိုက်ခဲ့သည်။ အချက်အချာကျကျ လှုံ့ဆော်ခဲ့သော ဖြစ်စဉ်နှစ်မျိုးရှိသည်ဟု များသောအားဖြင့် တင်ပြကြသည်။ ထိုဖြစ်စဉ်များမှာ ရခိုင်အမျိုးသမီးတစ်ဦးအား မုဒိန်းကျင့်ခံရသည်ဟု စွပ်စွဲချက် နှင့် သူမ

အသတ်အဖြတ်ခံခဲ့ရခြင်း အပါအဝင် ဘုရားဖူးထွက်လာသော မွတ်ဆလင် (၁၀) ဦးအား သတ်ဖြတ်ခဲ့ကြခြင်းတို့ဖြစ်ပါသည်။ အစိုးရ စုံစမ်းစစ်ဆေးရေးကော်မရှင်က အကြမ်းဖက်မှုကြောင့် လူပေါင်း (၁၉၂) ဦးသေဆုံးခဲ့ပြီး၊ (၂၆၅)ဦး ဒဏ်ရာရရှိကာ အိမ်ပေါင်း (၈၆၁၄)လုံး ဖျက်စီးခြင်း ခံခဲ့ရသည်ဟု ဆိုသည်။ အမှန်တကယ်အရေအတွက်များသည် ဤထက်များစွာပိုနိုင်ပါသည်။ (၂၀၁၃) ခုနှစ်တွင် သံတွဲမြို့၌ နောက်ထပ်အကြမ်းဖက်မှုများ ထပ်မံဖြစ်ပွားခဲ့သည်။

၂၅။ အစိုးရက ဤဖြစ်ရပ်တို့ကို ရိုဟင်ဂျာနှင့် ရခိုင် "လူ့အဖွဲ့အစည်းများအကြား" ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုဟု ပုံဖော်ခဲ့ခြင်းသည် တည်တံ့ခဲ့သော်လည်း၊ မမှန်ကန်ပါ။ ရိုဟင်ဂျာနှင့် ရခိုင်အုပ်စုများကြား အကြမ်းဖက်မှုများကြောင့် လူများအသတ်ဖြတ်ခံရခြင်းနှင့် ဥစ္စာပစ္စည်းများ ဖျက်ဆီးခံရခြင်းတို့ အမှန်တကယ်ရှိခဲ့သော်လည်း၊ ထိုတိုက်ခိုက်မှုများသည် ကစဉ့်ကလျား ဖြစ်ပေါ်လာသည့် ရန်လိုတိုက်ခိုက်မှုများ မဟုတ်ပါ။ အကြမ်းဖက်မှုကို လှုံ့ဆော်ရန်နှင့် တင်းမာမှုများကို ပိုမိုပြန့်ပွားလာစေရန် ရည်ရွယ်ထားသော အစီအစဉ်များ၏ ရလဒ်များသာ ဖြစ်သည်။ ရိုဟင်ဂျာများအပေါ် အမုန်းပွားစေရန်နှင့် ၎င်းတို့ကို လူလိုအထင်မခံရအောင် ဝါဒဖြန့်ချိမှုများအား လနှင့်ချီ၍ စွမ်းဆောင်ခဲ့ကြပြီး၊ (၂၀၁၂)ခုနှစ် ဇွန်လ (၈)ရက်နေ့ နောက်ပိုင်းများတွင် ပိုမိုပြင်းထန်လာခဲ့သည်။ ထိုလှုပ်ရှားမှုများအား ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ (ရတပ)၊ ရခိုင်အဖွဲ့အစည်း အသီးသီးနှင့် အစွန်းရောက် ဗုဒ္ဓဘာသာဝင် သံဃာတော်များအဖွဲ့တို့ အပါ၊ အစိုးရအရာရှိ အတော်များများနှင့် တခြား သြဇာရှိသူများက ဦးဆောင်ခဲ့ကြသည်။ ရိုဟင်ဂျာဆန့်ကျင့်ရေးဆိုင်ရာ၊ သို့မဟုတ် မွတ်ဆလင်ဆန့်ကျင့်ရေးဆိုင်ရာ ပုံနှိပ်ထုတ်ဝေမှုများ၊ အများပြည်သူထံ ကြေညာချက်များ၊ လူထုအစည်းအဝေးများနှင့် မွတ်ဆလင်ဆိုင်များတွင် ဈေးမဝယ်ရန် သပိတ်မှောက်ခြင်း စသည်တို့ဖြင့် ဖြန့်ချီခဲ့ကြသည်။ ရိုဟင်ဂျာများအား တရားမဝင် "ခိုးဝင်"လာသူများ၊ "အကြမ်းဖက်သမားများ"ဟု အမည်တပ်ခဲ့ကြပြီး၊ "မထိန်းနိုင်မသိမ်းနိုင်သောနှုန်း" ဖြင့် ကလေးများပေါက်ဖွားနေကြသောကြောင့် "တခြားလူမျိုးများအား လူမြိုခြင်း" ဖြင့် အမျိုးပျောက်ကွယ်စေမည့်သူများဟု ပုံဖော်ခဲ့ကြသည်။ (၂၀၁၂) ခုနှစ်၊ နိုဝင်ဘာလတွင် ရတပ ပါတီက ဟစ်တလာကို ကိုးကား၍ "လူသားမဆန်သည့် လုပ်ရပ်သည် တစ်ခါတလေမှာ လူမျိုးတစ်မျိုး တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည်"[6]ဟု ချေပပြောဆိုခဲ့သည်။

၂၆။ မြန်မာ့လုံခြုံရေးတပ်ဖွဲ့များသည် အနည်းဆုံးအားဖြင့် မတုန့်ပြန်ပဲ ထိုင်ကြည့်ခဲ့ကြသည်။ များသောအားဖြင့် ၎င်းတို့သည် အကြမ်းဖက်မှုများ ရပ်တံ့ရေးအတွက် ဟန့်တားခြင်း မလုပ်ခဲ့ပေ၊ သို့မဟုတ် ကိုယ်တိုင် ပါဝင်အကြမ်းဖက်ခဲ့ကြသည်။ ၎င်းတို့သည် ရိုဟင်ဂျာများအား ထိခိုက်ဒဏ်ရာရအောင် ရိုက်ပုတ်ခြင်း၊ သတ်ဖြတ်ခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း နှင့် ရိုဟင်ဂျာတို့၏ ပစ္စည်းဥစ္စာများကို ဖျက်ဆီးခြင်းတို့ ပြုလုပ်ခဲ့ကြသည်။ စစ်တွေ နှင့် ကျောက်ဖြူမှ

[6] ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ၊ တိုးတက်ရေးဂျာနယ်၊ အမှတ်စဉ် (၂)(၁၂)၊ (၂၀၁၂) ခုနှစ်၊ နိုဝင်ဘာလ။

မျက်မြင်သက်သေများက လုံခြုံရေးတပ်ဖွဲ့များသည် ရိုဟင်ဂျာ သို့မဟုတ် ကမန်များအား သေနတ်ပစ်၍ အပါအဝင် ရခိုင်တို့က မီးရှို့ထားသောအိမ်များကို မီးမငြိမ်းနိုင်ရန် တားဆီးခဲ့ကြသည်ဟုပြောသည်။ မောင်တောမှ မျက်မြင်သက်သေများက လုံခြုံရေးတပ်ဖွဲ့များသည် ရိုဟင်ဂျာများကို မခွဲခြားဘဲ တွေ့ရာမြင်ရာရမ်းပစ်ခတ်ခြင်း၊ ရိုဟင်ဂျာ NGOလုပ်သားများ အပါအဝင် လူအများအပြားကို အစုလိုက်၊ အပြုံလိုက် တရားလက်လွတ်ဖမ်းဆီးခြင်းတို့ ပြုလုပ်ခဲ့ကြသည်ဟု ပြောကြားကြသည်။ လူများကို ဘူးသီးတောင်အကျဉ်းစခန်းသို့ ပြောင်းရွှေ့ခဲ့ရာ၊ လူသူမဆန်သော အခြေအနေများနှင့် နှိပ်စက်ညှဉ်းပန်းခြင်းတို့အား ထိုအကျဉ်းထောင်တွင် ကြုံတွေ့ခဲ့ကြရသည်ဟုဆိုသည်။ အကျဉ်းသားများကို ထောင်စောင့်များနှင့် တခြားရခိုင်ထောင်သားများက ရိုက်နှက်ကြသည်။ တချို့ဆိုလျှင် အသေ အရိုက်အနှက်ခံခဲ့ရသည်။

၂၇။ (၂၀၁၂) အကြမ်းဖက်မှုသည် ရခိုင်ပြည်နယ်တွင် အလှည့်အပြောင်း ဖြစ်စေသော ဖြစ်ရပ်ပါ။ ထိုနောက်တွင် ရခိုင်နှင့် ရိုဟင်ဂျာများ အကြားဆက်ဆံရေးသည် ဆိုးရွားလာခဲ့သည်။ စိုးကြောက်စိတ်နှင့် အယုံအကြည် ကင်းမဲ့စိတ်များ ကြီးထွားလာခဲ့သည်။ ကမန်များသည် တိုင်းရင်းသားအုပ်စုအဖြစ် အသိအမှတ်ပြုခံထားရသော်လည်း၊ ရိုဟင်ဂျာများနှင့်အတူ မွတ်ဆလင်များအဖြစ် ပစ်မှတ်ခံထားရသည်။ ထိုအချိန်မှစ၍ ကမန်တိုင်းရင်းသားများသည်လည်း ခွဲခြားနှိမ့်ချဆက်ဆံမှု နှင့် ဖယ်ထုတ်မှုတို့ကို တဖြည်းဖြည်းနှင့် ပိုမိုခံစားခဲ့ကြရသည်။

၂၈။ အစိုးရက အကြမ်းဖက်မှုကို လုံခြုံရေးတပ်ဖွဲ့များ တိုးမြှင့်ချထားခြင်းဖြင့် တုံ့ပြန်ခဲ့ပြီး ရခိုင်နှင့် ရိုဟင်ဂျာ အသိုက်အဝန်းများကို ခွဲခြားထားခဲ့သည်။ (၂၀၁၂) ခုနှစ်၊ ဇွန်လ (၁၀) ရက်နေ့တွင် ကြေညာခဲ့သော အရေးပေါ်အခြေအနေကို (၂၀၁၆) ခုနှစ်၊ မတ်လမှ ရုတ်သိမ်းခဲ့သည်။ ရခိုင်ပြည်နယ်ရှိ မြို့နယ်အာဏာပိုင်များသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ (၁၄၄) (ညမထွက်ရအမိန့်)ကို ချမှတ်ခဲ့ပြီး၊ လူငါးဦးထက်ပို၍ လူစုဝေးခြင်းကို တားမြစ်ခဲ့သည်။ ဤတားမြစ်ချက်များသည် မောင်တောနှင့် ဘူးသီးတောင်ဒေသတို့တွင် ယနေ့အထိ ဆက်လက်တည်ဆဲဖြစ်ပြီး၊ ရိုဟင်ဂျာများအပေါ် ခွဲခြားနှိမ့်ချဆက်ဆံသောသဘောဖြင့် အသုံးပြုခဲ့ကြသည်။ လူများဗလီများတွင် စုပေါင်းဝတ်ပြုခြင်းကို တားဆီးထားသောကြောင့် ဘာသာရေးလွတ်လပ်ခွင့်အား ထိခိုက်စေခဲ့သည်။

၂၉။ အကြမ်းဖက်မှုကြောင့်၊ အများစုမှာ ရိုဟင်ဂျာများဖြစ်သော၊ လူ (၁)သိန်း (၄)သောင်းကျော် ပြည်တွင်းနေရပ်စွန့်ခွာရသူများ ဖြစ်ခဲ့ကြသည်။ ထောင်ကျော်သော နေရပ်ရှောင် ရခိုင်တိုင်းရင်းသားများသည် မိမိနေရပ်သို့ပြန်လာနိုင်၊ သို့မဟုတ် အစိုးရက ပြန်လည်နေရာချထားပေးခြင်းကို ခံရသည်။ အကြမ်းဖက်မှုဖြစ်ပွားပြီး ခြောက်နှစ်ကြာထိတိုင် (၁)သိန်း (၂)သောင်း (၈)ထောင်ကျော်သော ရိုဟင်ဂျာများနှင့် ကမန်တိုင်းရင်းသားများသည် ခွဲခြားခံထားရဆဲဖြစ်ပြီး၊ IDPစခန်းများနှင့် ကန့်များတွင် ပိတ်လှောင်ခံထားရသဖြင့် လွတ်လပ်စွာ ရွေ့လျားသွားလာခွင့်မရှိဘဲ လောက်ငသော အစားအစာ၊ လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း

လမ်းများအား လက်လှမ်းမမီဖြစ်ခဲ့ရသည်။ နေရပ်စွန့်ခွာခဲ့ရသူများအား ၄င်းတို့၏ မူလဌာနေအရပ်သို့ ပြန်ခွင့်မပြုပါ။ ထိုကဲ့သို့ ကန့်သတ်ထားချက်များသည် တရားမျှမျှတတ လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ချက်များထက် ကျော်လွန်၍၊ လွတ်လပ်ခွင့်ကို တရားမဲ့ပိတ်ပင်ရာ ရောက်သည်။ ပြန်လည်နေရာချထားပေးခံရသော ရိုဟင်ဂျာများအပါအဝင် ရခိုင်ပြည်နယ်အလယ်ပိုင်းရှိ တခြားသော ရိုဟင်ဂျာများသည်လည်း ပြင်းထန်စွာ ပိတ်ပင်တားမြစ်မှုများကို ရင်ဆိုင်ကြုံတွေ့နေရသည်။ ထိုသို့ ပိတ်ပင်တားမြစ်မှုများတွင် နေ့စဉ်ဘဝအပေါ် ထိခိုက်စေသော လွတ်လပ်စွာသွားလာခွင့်ကို တားမြစ်ထားခြင်းလည်း ပါဝင်သည်။

၃၀။ (၂၀၁၂) ခုနှစ် အကြမ်းဖက်မှုမှတဆင့် ရိုဟင်ဂျာများအား ဖိနှပ်ခြင်းများ ပိုမို ဆိုးရွားလာခဲ့သည်။ ရခိုင်ပြည်နယ်ပြင်ပတွင် လှုပ်ရှားသွားလာမှုများ ပြုလုပ်ရန် ပို၍ခက်ခဲလာခဲ့သည်။ ရိုဟင်ဂျာကျောင်းသားများသည် (၂၀၁၂) ခုနှစ်မှစ၍ စစ်တွေတက္ကသိုလ်တွင် ကျောင်းအပ်နှံခွင့် မရှိသဖြင့် အဆင့်မြင့်ပညာရေးအား လက်လှမ်းမီမှုကို ထိရောက်စွာဖယ်ရှားခံခဲ့ရသည်။ ဤသည်မှာ ပညာသင်ကြားခွင့်ကို ချိုးဖောက်ခြင်းဖြစ်ပြီး၊ နောက်မျိုးဆက်သစ်များကို အသေအချာ ဖယ်ထုတ်နိုင်ရန် ထိရောက်သော နည်းတစ်ခုအနေနှင့် အသုံးပြုခဲ့သည်။ (၂၀၁၀) ခုနှစ်တွင် ရိုဟင်ဂျာများကို မဲပေးခွင့်ပြုခဲ့သော်လည်း၊ (၂၀၁၅) ခုနှစ် ရွေးကောက်ပွဲမတိုင်မီ ဤအခွင့်အရေးကို ပြန်လည်ရုတ်သိမ်းခဲ့သည်။ ဤသို့ ဖိနှိပ်မှုအခြေအနေကြောင့် (၂၀၁၄-၂၀၁၅)နောက်ပိုင်းနှစ်များတွင် ရိုဟင်ဂျာများ လှေသင်္ဘောများဖြင့် ရခိုင်ပြည်နယ်မှ ထွက်ပြေးမှု ပိုမိုများပြားလာသည်။

## (၄) (၂၀၁၇) ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်နှင့် "နယ်မြေရှင်းလင်းစစ်ဆင်ရေးများ"

> အဲဒီ့နေ့က ကမ္ဘာကြီးပြိုကျလာသလိုပဲ၊ ကျွန်မကတော့ ကမ္ဘာပျက်တဲ့နေ့ တကယ် ရောက်ပြီထင်တာ။

၃၁။ (၂၀၁၇) ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်နှင့် နောက်ပိုင်းနေ့ရက်၊ ရက်သတ္တပတ်များတွင် ဖြစ်ပွားခဲ့သော ဖြစ်ရပ်များသည် ကာလကြာမြင့်စွာကတည်းက အစပျိုးနေခဲ့သော ကပ်ဆိုးဘေးဆိုးတစ်ခု အမှန်တကယ် ကိန်းဆိုက်လာခြင်းပင် ဖြစ်သည်။ ဤကပ်ဆိုးကြီးသည် ရိုဟင်ဂျာများကို စနစ်တကျနှိပ်ကွပ်ထားချက်၊ (၂၀၁၂) ခုနှစ် အကြမ်းဖက်မှု နှင့် ထိုအချိန်မှအစပြု၍ အစိုးရ၏ ပြုမူမှုများနှင့် ပျက်ကွက်မှုများ၏ ရလဒ်ဖြစ်သည်။ ယင်းကြောင့် လူမျိုးအဖွဲ့အစည်းတစ်ခု ပြိုကွဲခဲ့ရသည်။

၃၂။ ဩဂုတ်လ (၂၅) ရက်နေ့ မနက်စောစောအချိန်တွင် အာဆာသည် ရခိုင်ပြည်နယ် မြောက်ပိုင်းတစ်ဝန်းရှိ နယ်မြေခံတပ်ရင်းဌာနချုပ်တစ်ခုနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော ရဲကင်းစခန်းအရေအတွက်ပေါင်း (၃၀) အထိကို အချိတ်အဆက်မိသည့် အကွက်ချတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ရိုဟင်ဂျာ လူ့အဖွဲ့အစည်းများအပေါ် တိုးပွာလာသော ဖိအားများကို တုံ့ပြန်ရန်နှင့် ကမ္ဘာအနှံ့

အာရုံဦးစိုက်မှု ရှိစေရန် ရည်မှန်းချက်ဖြင့် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်ဟု ယူဆရသည်။ အဖြစ်အနေနှင့် အပစ်အခတ်လုပ်တတ်ရန် လေ့ကျင့်သင်ယူထားသော ခေါင်းဆောင်များ အနည်းအပါးတွင် သေနတ်အချို့ပါရှိပြီး၊ လုံးဝမပစ်ခတ်တတ်သော ရွာသားအများအပြားသည် တုတ်နှင့် ဓားများကို ကိုင်ဆောင် ဝေ့ရမ်းခဲ့ကြသည်။ တချို့တွင် ဒေသန္တရမိုင်းများပါရှိသည်။ လုံခြုံရေးဝန်ထမ်း (၁၂) ယောက်အသတ်ခံခဲ့ရသည်။

၃၃။ နာရီပိုင်းအတွင်းစတင်၍ လုံခြုံရေးတပ်ဖွဲ့များက ချက်ချင်း ရက်ရက်စက်စက်၊ အဆမတန် အင်အားသုံးကာ တုံ့ပြန်ခဲ့ကြသည်။ ၎င်းနောက်ပိုင်းနေ့ရက်၊ ရက်သတ္တပတ်များတွင် အာဆာ၏ အကြမ်းဖက်အန္တရာယ်ကို သုတ်သင်ရှင်းလင်းရန်ဟု အကြောင်းပြကာ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်ရှိ ရာပေါင်းများစွာသောကျေးရွာများ အားလုံးကို ခြုံ၍ တိုက်ခိုက်ခဲ့ကြသည်။ ဤစစ်ဆင်ရေးများသည် ရိုဟင်ဂျာပြည်သူ လူထုတစ်ရပ်လုံးကို ပစ်မှတ်ထား၍ အကြမ်းဖက် ခြောက်လှန့်ခဲ့ကြသည်။ အာဏာပိုင်များက ၎င်းတိုက်ခိုက်မှုများကို "နယ်မြေရှင်းလင်းစစ်ဆင် ရေးများ" ဟုခေါ်သည်။ ထို့ကြောင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ရိုဟင်ဂျာများ ထွက်ပြေးခဲ့ကြပြီး၊ (၂၀၁၈) ခုနှစ်၊ ဩဂုတ်လ အလယ်ပိုင်းတွင် ထွက်ပြေးသူများ အရေအတွက် (၇)သိန်း၊ (၂)သောင်း၊ (၅)ထောင် နီးပါး ရှိသည်။

၃၄။ ဤစစ်ဆင်ရေးများသည် ပထဝီအနေအထားအရ ကျယ်ပြန့်သောဧရိယာကို လွှမ်းခြုံထား သော်လည်း ပုံစံများကအလွန်ဆင်တူကြသည်။ သန်းခေါင်သန်းလွဲ၊ မနက်စောစောတွင် တပ်မတော် သားများသည် များသောအားဖြင့် တခြားသောလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ရခိုင်အမျိုးသားများနှင့် တခါတရံ တခြားတိုင်းရင်းသားလူနည်းစုမှ အမျိုးသားများနှင့် အတူတကွ ရွာကို ဝင်တိုက်သည်။ စစ်ဆင်ရေးများသည် ပြည်သူများအား ချက်ချင်း ထိန့်လန့်ကြောက်မက်သွားစေရန် ပုံဖော်ပြီး တိုက်ခတ်ခဲ့သည်။ စူးရှပြင်းထန်သော သေနတ်ပစ်ခတ်သံများ၊ ပေါက်ကွဲသံများ သို့မဟုတ် ဟစ်ကြွေးသံများနှင့် အထိတ်တလန့် အော်သံများကြောင့် ရွာသူရွာသားများ အိပ်နေရာမှ နိုးလာခဲ့ကြသည်။ အဆောက်အအုံများကို မီးရှို့ကာ တပ်မတော်စစ်သားများသည် အိမ်များအတွင်း၊ လယ်ကွင်းများအတွင်းနှင့် ရွာသားများဆီသို့ မခွဲခြားဘဲ ထင်ရာစိုင်း ပစ်ခတ်ကြသည်။

၃၅။ စစ်ဆင်ရေးများ၏ သဘောသဘာဝ၊ အတိုင်းအဆပမာဏနှင့် စနစ်တကျအစီအစဉ်တို့က တပ်မတော်ခေါင်းဆောင်ပိုင်း၏ ကြိုတင်အကွက်ချထားသည့် စီမံကိန်းတစ်မျိုးရှိခဲ့သည်ကို ညွှန်ပြ လျက်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ အမြော်အမြင်နှင့် ကိုက်ညီသည်။ စစ်ဆင်ရေး၏ အထွတ်အထိပ်ကာလတွင် ၎င်းက ဤသို့ ပြောကြားခဲ့သည်၊ "ဘင်္ဂါလီပြဿနာသည် ရှေးနှစ်ပေါင်းများစွာဖြစ်လာခဲ့ပြီး အစိုးရအဆက်ဆက်၊ ခေတ်အဆက်ဆက်

ဖြေရှင်းပေးခဲ့သော်လည်း မပြီးပြတ်ခဲ့ကြောင်း၊ ယခုအစိုးရအနေဖြင့်လည်း သတိထားပြီး ဖြေရှင်းနေကြောင်း”[၇] ပြောကြားခဲ့သည်။

## (က) လူ့အခွင့်အရေးကပ်ဆိုး

> လူတိုင်းက အသက်လုပြီးပြေးနေကြတာ။ ကျွန်မရဲ့ ကလေးတွေကိုတောင် ကျွန်မ သယ်မလာနိုင်ခဲ့ဘူး။

၃၆။ “နယ်မြေရှင်းလင်းစစ်ဆင်ရေးများ"သည် လူ့အခွင့်အရေးကပ်ဆိုးတစ်မျိုး ကျရောက်စေခဲ့သည်။ ထောင်ပေါင်းများစွာသော ရိုဟင်ဂျာများ အသတ်ခံရခြင်း၊ သို့မဟုတ် ထိခိုက်ဒဏ်ရာ ရခြင်းတို့ ဖြစ်ခဲ့သည်။ မစ်ရှင်းမှ ကောက်ယူခဲ့သော အချက်အလက်များအရ လူ(၁)သောင်းအထိ သေဆုံးခဲ့နိုင်သည်ဟူသောခန့်မှန်းချက်[၈] မှာ အနည်းဆုံးအရေအတွက် အနေနှင့် တွက်ထားသည်ဟု ယူဆရသည်။ မင်းကြီး (တူလာတိုလီ)၊ မောင်နု၊ ချွတ်ပြင်၊ ဂူတာပြင်နှင့် ကိုးတန်ကောက် ကျေးရွာအုပ်စုရှိ ကျေးရွာများတွင် လူအစုလိုက် အပြုံလိုက်သတ်ဖြတ်မှုများကို ကျူးလွန်ခဲ့ကြသည်။ အချို့သော ဖြစ်ရပ်များတွင် လူများ ရာနှင့်ချီ၍ သေဆုံးခဲ့ကြသည်။ မင်းကြီးနှင့် မောင်နု ကျေးရွာ တို့တွင် ရွာသားများကိုလူစုပြီး အမျိုးသားများနှင့် ယောက်ျားလေးများကို အုပ်စုခွဲကာ သတ်ဖြတ်ခဲ့ကြသည်။ မင်းကြီးတွင် အမျိုးသမီးများနှင့်မိန်းကလေးများကို နီးရာအိမ်များသို့ ခေါ်ဆောင်သွားကာ အုပ်စုဖွဲ့ မုဒိမ်းကျင့်ခြင်း၊ ထို့နောက် သတ်လျှင်သတ်၊ မသတ်လျှင် ပြင်းထန်စွာ ဒဏ်ရာရရှိစေခဲ့သည်။ အိမ်များကို သော့ခတ်ကာ မီးတင်ရှို့ကြသည်။ အသက်ရှင်ကျန်ရစ်သူ မရှိသလောက်ဖြစ်သည်။ တခြားများစွာသော ရွာများတွင်လည်း သေဆုံးခဲ့သော လူအရေအတွက်သည် အလွန်တရာ မြင့်မားလှသည်။ အလောင်းများကို စစ်တပ်မော်တော်ယာဉ်များဖြင့် သယ်ယူသွားကာ မီးရှို့ခြင်း၊ အစုလိုက် အပြုံလိုက် မြေမြှုပ်ခြင်းတို့ ပြုလုပ်ခဲ့ကြသည်။

၃၇။ လူများကို များသောအားဖြင့် ထွက်ပြေးနေချိန်တွင် သေနတ်ဖြင့် ချိန်ရွယ်ပစ်ခတ်၍၊ သို့မဟုတ် မခွဲခြားဘဲ ထင်ရာစိုင်း ရမ်းပစ်ခတ်၍ ၎င်းပြည်သူတို့သည် သေလျှင်သေ၊ မသေလျှင် ဒဏ်ရာရခဲ့ကြသည်။ ရွာသားများကို စစ်သားများက၊ တခါတရံ ရခိုင်အမျိုးသားများက ဓားကြီးများသုံး၍ ခုတ်လှီး သတ်ဖြတ်ကြသည်။ တချို့မှာ ၎င်းတို့အိမ်များအထဲတွင်ပင် မီးလောင်တိုက်သွင်း၍ အရှင်လတ်လတ် မီးရှို့ခံခဲ့ကြရသည်။ ဤသို့မီးရှို့သတ်ဖြတ်ခြင်းများသည် အများဆုံးအားဖြင့်၊ ထွက်ပြေးနိုင်စွမ်းမရှိသော သက်ကြီးရွယ်အိုများ၊ မသန်မစွမ်းများနှင့် ကလေးသူငယ်များအား

[၇] ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအားလုံး၊ ပြည်သူအားလုံးက မျိုးချစ်စိတ်အပြည့်အဝဖြင့် ဝိုင်းဝန်းကာကွယ် (၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်၊ ဖေ့စ်ဘွတ်စာမျက်နှာမှ စာစု)
https://www.facebook.com/seniorgeneralminaunghlaing/posts/1698274643540350

[၈] နယ်စည်းမခြားဆရာဝန်များ၊ “မည်သူမှမကျန်ပါ၊ မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်ရှိ သေဆုံးမှုနှင့် ရိုဟင်ဂျာများအပေါ် အကြမ်းဖက်မှု” (၂၀၁၈ ခုနှစ်၊ မတ်လ)

အဆမတန် ထိခိုက်ခဲ့ကြသည်။ တချို့သောဖြစ်ရပ်များတွင် မီးလောင်နေသောအိမ်များသို့ လူများကို အတင်းထိုးသွင်းခြင်း၊ သို့မဟုတ် မီးလောင်နေသော အိမ်များအထဲတွင် လူများရှိနေမှန်း သိလျက်နှင့် အပြင်မှ တံခါး သော့ခတ်ထားခဲ့ခြင်းတို့ ပြုလုပ်ခဲ့ကြသည်။

၃၈။ မုဒိမ်းကျင့်မှုနှင့် တခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို အတိုင်းအတာပမာဏ ကြီးကြီးမားမား ကျူးလွန်ခဲ့သည်။ တပ်မတော်သားများ၏ အကြီးအကျယ် အုပ်စုဖွဲ့မုဒိမ်းကျင့်ခြင်း များသည် ရခိုင်ပြည်နယ်မြောက်ပိုင်း ကျေးရွာအုပ်စု အနည်းဆုံးဆယ်စုတွင် ဖြစ်ပွားခဲ့သည်။ တခါတရံ အမျိုးသမီးများနှင့် မိန်းကလေးများ အယောက် (၄၀)အထိ အတူတူဝိုင်းပြီး မုဒိမ်းကျင့် ခံရသည် သို့မဟုတ် အုပ်စုဖွဲ့မုဒိမ်းကျင့်ခံရသည်။ မုဒိမ်းကျင့်ခံရသူများထဲမှ အသက်ရှင်ကျန်ရစ်ခဲ့သူ တစ်ဦးက ပြောပြသည်မှာ “ကျွန်မက ကံကောင်းတယ်၊ ကျွန်မကို မုဒိန်းကျင့်ခဲ့တာ ယောကျာ်း (၃) ယောက်ထဲ” ဟုဆိုသည်။ ဂုဏ်သိက္ခာကျဆင်းမှုနှင့် စိတ်ဒဏ်ရာရမှုတို့ကို အမြင့်မားဆုံး အနေနှင့် ဖြစ်စေရန် မုဒိမ်းမှုများကို  များသောအားဖြင့် လူမြင်သူမြင်နေရာများတွင်၊ မိသားစုများနှင့် အသိုက်အဝန်း၏ ရှေ့မှောက်တွင် ကျူးလွန်ခဲ့ကြသည်။ ကလေးငယ်များ ရှေ့မှောက်တွင် အမေများကို အုပ်စုဖွဲ့ မုဒိမ်းကျင့်ကြသည်။ ထိုကလေးငယ်များကို အလွန်ပြင်းထန်စွာ ဒဏ်ရာရအောင် ရိုက်နှက်ခြင်း၊ တချို့ဖြစ်ရပ်များတွင် ၎င်းကလေးများအား သတ်ပစ်ခြင်းတို့ လုပ်ခဲ့ကြသည်။ အသက် (၁၃) နှစ်မှ (၂၅) နှစ်ကြား ကိုယ်ဝန်ဆောင် မိခင်များအပါအဝင် အမျိုးသမီးများနှင့် မိန်းကလေးများအား ပစ်မှတ်ထားပြီး မုဒိန်းကျင့်ခဲ့ကြသည်။ မုဒိမ်းမှုများ ကျူးလွန်ရာတွင် ယုတ်ညံ့သော အပြောအဆိုများ အပြင် အသက်ကိုခြိမ်းခြောက်သည့် စကားများ၊ ဉပမာအားဖြင့်၊ "နင့်ကို ဒီလိုသတ်မှာ၊ အသက်ထွက်တဲ့အထိ မုဒိမ်းကျင့်ပြီးတော့လေ" ဟူ၍ ပြောဆိုခဲ့ကြသည်။ အမျိုးသမီးများနှင့် မိန်းကလေးများကို စနစ်တကျ အဓမ္မခေါ်ဆောင်ခြင်း၊ ထိန်းသိမ်းထားခြင်းနှင့် မုဒိမ်းကျင့်ခြင်းတို့ကို စစ်တပ်နှင့် ရဲစခန်းဝင်းများ အတွင်းတွင် ကျူးလွန်ခဲ့ ကြသည်။ ထိုလုပ်ရပ်များမှာ၊ ဖြစ်ရပ်တော်တော် များများတွင်၊ လိင်ပိုင်းဆိုင်ရာ ကျေးကျွန်ပြုခြင်း အဖြစ် သက်ရောက်သည်။ မုဒိမ်းအကျင့်မခံရစဉ် နှင့် ကျင့်နေရစဉ်အတွင်း ကျူးလွန်ခံရသူများသည် ပြင်းပြင်းထန်တန် ဒဏ်ရာများရရှိခဲ့ကြသည်။ များသောအားဖြင့် သဲသဲမဲမဲ ကိုက်ထားသော အရာများ ကို တွေ့ရသည်။ ထိုအမျိုးသမီးများသည် ဒုတ်များ၊ ဓားများအား အမျိုးသမီး အင်္ဂါအတွင်းသို့ ထိုးနှက်၍ မုဒိမ်းကျင့်မှုကြောင့်၊ ဒဏ်ရာများ အပါအဝင် မျိုးပွားအင်္ဂါများတွင် ပြင်းပြင်းထန်ထန် ထိခိုက်ဒဏ်ရာများ ရရှိကြသည်။ ကျူးလွန်ခံရသူ အများစုမှာ အသတ်ခံခဲ့ရသည်၊ သို့မဟုတ် ထို ဒဏ်ရာများကြောင့် သေဆုံးခဲ့ကြသည်။ အသက်ရှင် ကျန်ရစ်သူများတွင် နက်နက်နဲနဲ စိတ်ဒဏ်ရာ ရှိသော လက္ခဏာများကို တွေ့ရပြီး၊ ထိုအမျိုးသမီးတို့သည် ၎င်းတို့၏ အသိုက်အဝန်းတွင် အလွန့်အလွန် ကြီးမားသော ဂုဏ်သိက္ခာကျဆင်းမှုကို ရင်ဆိုင်ကြရသည်။ အမျိုးသားများနှင့် ယောကျာ်းလေးများအားလည်း မုဒိမ်းကျင့်မှု၊ လိင်အင်္ဂါ ဖြတ်တောက်မှုနှင့် လိင်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုတို့ ကျူးလွန်ခဲ့ကြသည်ဟု ယုံကြည်ထိုက်သော တင်ပြချက်များလည်း ရှိသည်။

၃၉။ ကလေးသူငယ်များသည် သတ်ဖြတ်မှု၊ ကိုယ်လက်အင်္ဂါ ဖြတ်တောက်မှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတို့အပါအဝင် ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရသလို၊ မျက်မြင်လည်း တွေ့ရှိခဲ့ကြရသည်။ ကလေးများကို မိဘများ ရှေ့မှောက်တွင် သတ်ဖြတ်ပြီး၊ မိန်းကလေးငယ်များကို ပစ်မှတ်ချ၍ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကျူးလွန်ကြသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရောက် ရိုဟင်ဂျာကလေးသူငယ်များ (၅)သိန်းခန့် အနက် အမြောက်အမြားသည် မိဘများအသတ်ခံရပြီးနောက် သို့မဟုတ် မိသားစုများနှင့် ကွဲကွာသွားပြီးနောက် ၎င်းတို့ချည်းသာ ထွက်ပြေးလာခဲ့သူများဖြစ်ကြသည်။ သေနတ်အပစ်ခံရသည်၊ ဓားခုတ်ခံရသည် သို့မဟုတ် မီးရှို့ခံရသည်ဟူသော ပြောကြားချက်များနှင့် ကိုက်ညီသည့် မြင်သာထင်သာသော ဒဏ်ရာများနှင့် ကလေးသူငယ်အမြောက်အမြားကို မစ်ရှင်းမှ မျက်မြင်တွေ့ခဲ့သည်။

၄၀။ အမျိုးသားများနှင့် ယောက်ျားလေးများ အများအပြားကို လုံခြုံရေးတပ်ဖွဲ့များက စုရုံး၍ တောထဲသို့ သို့မဟုတ် စစ်မော်တော်ယာဉ်များဖြင့် အဘယ်သို့မသိ ခေါ်ဆောင်သွားကြသည်။ တချို့ မိသားစုများက ၎င်းတို့၏ဖခင်နှင့် ညီအစ်ကိုများကို အကျဉ်းချထားသည်ဟု မျှော်လင့်ကြသော်လည်း တချို့ကမူ အသတ်ခံလိုက်ရပြီဟု သံသယရှိကြသည်။

၄၁။ ထောင်ပေါင်းရာချီသော ရိုဟင်ဂျာများသည် တည်းခိုရာမဲ့၊ စားစရာမဲ့၊ သောက်စရာရေပင်မရှိဘဲ ထွက်ပြေးခဲ့ကြသည်။ သူတို့သည် တောများကိုဖြတ်၍၊ တောင်များကိုကျော်ကာ၊ နေ့ရက်သတ္တပတ်ပေါင်း များစွာချီ၍ လမ်းလျှောက်ခဲ့ကြသည်။ တချို့မှာ လမ်းခုလတ်တွင် အသက်ဆုံးရှုံးခဲ့ကြသည်။ တချို့မူ တိုက်ခိုက်မှုများတွင် ရရှိခဲ့သောဒဏ်ရာများကြောင့် ကွယ်လွန်ခဲ့ကြသည်။ ကိုယ်ဝန်ဆောင် အမျိုးသမီးများက လမ်းဝက်တွင်မီးဖွားကြသည်။ တချို့ကလေးများနှင့် တစ်နှစ်အောက် လသားများ သေဆုံးခဲ့ကြသည်။ လှေမှောက်ကာ ရေနစ်သေဆုံးသူ အရေအတွက် မသိနိုင်သော်လည်း၊ အများအပြား ဤကဲ့သို့ အသက်ဆုံးရှုံးခဲ့ကြသည်။ တပ်မတော်ကလည်း ရိုဟင်ဂျာများကို လမ်းခရီးတွင်၊ နယ်စပ်ဖြတ်ကျော်စဉ်တွင် သတ်ဖြတ်မှုများရှိခဲ့သည်။ (၂၀၁၇) ခုနှစ် စက်တင်ဘာ လဆန်းပိုင်းတွင်၊ တပ်မတော်က နယ်စပ်ဒေသများ၌ ရိုဟင်ဂျာများ ပြန်မဝင်လာအောင် တားဆီးရန်၊ သို့မဟုတ် ပြန်မလာချင်အောင် ခြိမ်းခြောက်ရန်ဟု ထင်ရသော ရည်ရွယ်ချက်များဖြင့် ထောင်ထားသော မြေမြှုပ်မိုင်းများကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပြင်းထန်စွာဒဏ်ရာရမှုများ ဆက်လက်၍ ဖြစ်ပွားခဲ့သည်။

၄၂။ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ မြို့နယ်(၃)ခုတွင်၊ ရိုဟင်ဂျာလူထုများနေထိုင်ခဲ့သော ကျေးရွာနှင့် အုပ်စုများအား ကျယ်ကျယ်ပြန့်ပြန့်၊ စနစ်တကျ၊ တမင်ရည်ရွယ် ပစ်မှတ်ထား၍ အဓိကအားဖြင့် မီးရှို့ခြင်းဖြင့်၊ ဖျက်ဆီးခဲ့ကြောင်းကို ဂြိုလ်တုပုံရိပ်များနှင့် တိုက်ရိုက်ပြောကြားမှုများက ကိုက်ကိုက်ညီညီ ဖော်ပြသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အခြေချနေထိုင်သူအားလုံး၏ (၄၀)ရာခိုင်နှုန်းဖြစ်သော အနည်းဆုံးရွာပေါင်း (၃၉၂) ရွာသည် တစ်စိတ်တစ်ပိုင်း၊ သို့မဟုတ် အလုံးစုံ

ဖျက်ဆီးခံခဲ့ရသည်။ အဆောက်အအုံ အလုံးပေါင်း (၃)သောင်း (၇)ထောင့် (၇)ရာထက်မနည်း အဖျက်ဆီးခံခဲ့ရသည်။ စစ်ဆင်ရေး၏ ပထမရက်သတ္တပတ် (၃) ပတ်အတွင်း၊ (၈၀) ရာခိုင်နှုန်းခန့် မီးရှို့ခံခဲ့ရသည်။ ၎င်းအနက် အစိုးရက "နယ်မြေရှင်းလင်းစစ်ဆင်ရေးများ" ပြီးဆုံးသွားပြီဟု တရားဝင်ပြောဆိုပြီး ရက်စွဲနောက်ပိုင်းတွင် အတော်များများမှာ ဆက်လက်ပြီး အဖျက်ဆီးခံခဲ့ရသည်။ ဖျက်ဆီးခံရသောရွာများ၏ (၇၀) ရာခိုင်နှုန်းကျော်မှာ ရိုဟင်ဂျာအများစု နေထိုင်သည့် မောင်တောတွင်ဖြစ်သည်။ အများဆုံးဖျက်ဆီးခံရသော အဆောက်အအုံများမှာ အိမ်များဖြစ်သည်။ ကျောင်းများ၊ ဈေးများနှင့် ဗလီများကိုလည်း မီးရှို့ခဲ့ကြသည်။ ရိုဟင်ဂျာများ နေထိုင်ရာ နယ်မြေအိမ်တန်းတို့ကို အထူးပစ်မှတ်ထားခဲ့သည်။ ကပ်လျက် သို့မဟုတ် အနီးတစ်ဝိုက်တွင် ရှိသော ရခိုင်များ အခြေချနေထိုင်ရာ အိမ်တန်းများမှာမူ ထိခိုက်မှုမရှိခဲ့ပါ။

## (ခ) ကြိုတင်မျှော်မှန်းနိုင်သော၊ အကွက်ချစီမံထားသည့်ကပ်ဆိုး

> ကျွန်တော့ရဲ့ အိမ်နီးချင်း ရခိုင်သားက ပြောတယ်၊ "မင်းတို့ ဒီမှာနေလို့မရတော့ဘူး။ ငါတို့လူတွေရဲ့ ဆိုးသွမ်းပုံတွေကို ငါတို့ကိုယ်တိုင်လဲ မထိန်းနိုင်တော့ဘူး။ အစိုးရက မင်းတို့လူတွေကို မောင်းထုတ်ဖို့ စီစဉ်နေတယ်" လို့ သူက သတိပေးတယ်။

၄၃။ (၂၀၁၇) ခုနှစ်တွင် ဖြစ်ပွားခဲ့သော အာဆာ၏ တိုက်ခိုက်မှုများနှင့် နောက်ဆက်တွဲ ဖြစ်ပွားခဲ့သည့် "နယ်မြေရှင်းလင်းစစ်ဆင်ရေးများ"သည် သီးခြား တကိုယ်တည်း ဖြစ်ပေါ်လာသော ဖြစ်ရပ်များ မဟုတ်ပါ။ ၎င်းတို့မှာ ကြိုတင်မျှော်မှန်းနိုင်ခဲ့ပြီး အကွက်ချ အစီအစဉ်ဆွဲထားသော အကြောင်းအရာများ ဖြစ်သည်။

၄၄။ အာဆာသည် (၂၀၁၂) ခုနှစ် အကြမ်းဖက်မှုနှင့်၊ ယင်းနောက်ပိုင်းတွင် ရိုဟင်ဂျာတို့၏ လူမှုဘဝ ရှုထောင့်ကဏ္ဍစုံအား နိုင်ငံတော်က ပိုမို ဖိနှိပ်ကွပ်ကဲလာပုံကို တုန့်ပြန်သော တော်လှန်ရေး အဖွဲ့အစည်းအနေနှင့် ပေါ်ထွက်လာခဲ့သည်[၉]။ (၂၀၁၆) ခုနှစ်၊ အောက်တိုဘာလ (၉) ရက်နေ့တွင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ နယ်ခြားစောင့်တပ်ဖွဲ့များ၏ ကင်းစခန်း (၃) ခုကို ထိုးစစ်အငယ်စား တစ်ခုဖြင့် ပထမဦးဆုံး စစ်ဆင်ခဲ့သည်။ ရဲအရာရှိ (၉) ဦးကျဆုံးခဲ့ပြီး အာဆာသည် လက်နက်အချို့ ရရှိခဲ့သည်။ တပ်မတော်ကဦးဆောင်သော လုံခြုံရေးတပ်ဖွဲ့များက "ရှင်းလင်းစစ်ဆင်ရေးများ" ဖြင့် တုန့်ပြန်ခဲ့သည်။ ရိုဟင်ဂျာ (၈)သောင်း (၇)ထောင်ကျော် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခဲ့ကြသည်။ ထိုတွင် (၂၀၁၇) ခုနှစ်အနှောင်းပိုင်းတွင် ပြုလုပ်ခဲ့သော စစ်ဆင်ရေးများ၌ တွေ့ရှိရသော နည်းဗျူဟာများနှင့် ချိုးဖောက်မှုများကို အလားတူပုံစံဖြင့်၊ အသေးစားသဘောဖြင့် ပြုလုပ်ခဲ့သည်။ ဒုတိယသမ္မတ ဦးဆောင်သော အစိုးရစုံစမ်းရေးကော်မရှင်နှင့် လုံခြုံရေးတပ်ဖွဲ့များ ကိုယ်တိုင်

[၉] အာဆာဟူသော အမည်သည် နောင်အခါမှ ပေါ်ထွက်လာခဲ့သော်လည်း၊ ကိုးကားမှု လွယ်ကူစေရေးအတွက် ယင်းအမည်ကိုသာ သုံးသည်။

ပြုလုပ်သည့် စုံစမ်းစစ်ဆေးမှုများက လုံခြုံရေးတပ်ဖွဲ့များသည် အမှားပြုလုပ်ခြင်းမှ ကင်းရှင်းကြောင်း၊ ၄င်းတို့၏ ဆောင်ရွက်ချက်များသည် ဥပဒေနှင့်အညီ ဖြစ်ကြောင်းနှင့် တုန့်ပြန်တိုက်ခိုက်မှု၏ သင့်မြတ်လျော်ကန်မှုတို့ကို ထောက်ခံတင်ပြခဲ့ကြသည်။

၄၅။ (၂၀၁၂) ခုနှစ်မှာကဲ့သို့ပင်၊ (၂၀၁၆) ခုနှစ် အကြမ်းဖက်မှုသည် ရိုဟင်ဂျာများအား ဖိနှိပ်သောဆောင်ရွက်ချက်များကို ပိုမိုပြင်းထန်လာစေခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့များ၊ စခန်းများနှင့် စစ်ဆေးရေးဂိတ်များ တိုးပွားလာသည်။ ရိုဟင်ဂျာတို့အတွက် နေ့စဉ်ဘဝသည် အကာအကွယ်မဲ့နေပြီး လှုပ်ရှားသွားလာမှုအပေါ် အလွန်အမင်း ကန့်သတ်ထားချက်များကို ကြုံတွေ့ခဲ့ရသည်။ ရိုဟင်ဂျာအိမ်များ၏ အကာအရံခြံစည်းရိုးများကို ဖယ်ရှားကာ၊ အိမ်တွင်းရှိ ဓားများနှင့် တခြားချွန်ထက်သော ကိရိယာများကို အတင်းအဓမ္မ သိမ်းယူခဲ့ကြသည်။ လုံခြုံရေးကင်းလှည့်ခြင်းများ၊ အိမ်များအတွင်းသို့ ဝင်ရောက်ရှာဖွေခြင်းများ၊ ရိုက်နှက်ခြင်းများ၊ ခိုးယူခြင်းနှင့် ဆက်ကြေးကောက်ခြင်းများ တိုးပွားလာသည်။ ရာနှင့်ချီသော အမျိုးသားများနှင့် ယောကျ်ားလေးများအား ဖမ်းဆီးခဲ့ကြသည်။ ပညာတတ်များနှင့် အသိုက်အဝန်း၌ သြဇာရှိသူများကို များသောအားဖြင့် အထူးပစ်မှတ်ထားပြီး ဖမ်းဆီးကြသည်။ အများအပြားမှာ ထိန်းသိမ်းထားစဉ်ကာလအတွင်း ဆိုးရွားစွာဆက်ဆံခံရခြင်း၊ နှိပ်စက်ညှဉ်းပန်းခံရခြင်းတို့နှင့် ကြုံတွေ့ခဲ့ကြရသည်။ တချို့မှာ လာဘ်ထိုး၍ လွတ်ပေးခံရသည်။ တခြားသူများကိုတော့ အဖမ်းခံရချိန်ကတည်းက ပြန်မတွေ့ရတော့ပေ။ အမျိုးသမီးများနှင့် မိန်းကလေးများသည် အုပ်စုဖွဲ့မုဒိမ်းကျင့်မှုအပါအဝင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် ကြုံခဲ့ကြရသည် ။

၄၆။ တချိန်တည်းမှာပင် အာဏာပိုင်များသည် နိုင်ငံသားစိစစ်ရေးကတ်ပြား (NVC ကတ်) များကို ရိုဟင်ဂျာများအား အတင်းအဓမ္မခံယူရန် အသစ်တဖန် အားထုတ်လာကြသည်။ ထိုကတ်သည် ရိုဟင်ဂျာတို့ကို "ကူးဝင်ဘင်္ဂါလီများ" အဖြစ် သတ်မှတ်ကာ၊ ခွဲခြားနှိမ့်ချ ဆက်ဆံမည့် စနစ်တစ်ရပ်၏ သင်္ကေတဖြစ်သောကြောင့် ရိုဟင်ဂျာတို့က ငြင်းဆန်ခဲ့ကြသည်။ NVCကတ်သည် စစ်ဆေးရေးဂိတ်များ ဖြတ်ကျော်ရေး၊ လယ်ယာမြေများ လက်လှမ်းမီရေးနှင့် ငါးဖမ်းခွင့် ရရှိရေးတို့အတွက် မရှိမနေ လိုအပ်ချက်တစ်ခု ပိုမိုဖြစ်လာခဲ့သည်။ NVCကတ်ကို လက်ခံရန် ခြိမ်းခြောက်ခြင်းများ၊ အတင်းအဓမ္မအင်အား ပြခြင်းများ ပြုလုပ်ခဲ့ကြသည်။ ဤသို့ ပြုလုပ်ချက်များကို ရပ်ရွာအစည်းအဝေးပွဲများတွင် ရဲနှင့်စစ်တပ်တို့ ရှေ့မှောက်၌ သေနတ်ဖြင့်ထောက်၍ ခြိမ်းခြောက်ခဲ့ကြသည်။ ယင်းအစည်းအဝေးများတွင် ရွာသားများအား "ကတ်ကိုယူရင်ယူ၊ မယူရင် ဒီနိုင်ငံက ထွက်သွား" ဟု ပြောကြားခဲ့ကြသည်။ တခြားနေရာများတွင်၊ ဥပမာအားဖြင့်၊ ချွတ်ပြင်ရွာစုတွင် စစ်သားများက ကတ်ကိုလက်ခံရမည်၊ လက်မခံလျှင် အသတ်ခံရမည်ဟုပြောကြားကြသည်။ ရိုဟင်ဂျာအများစုကမူ ဤသို့ခြိမ်းခြောက်ခံရသော်လည်း၊ NVC ကတ်ကို ငြင်းဆန်ဆဲဖြစ်သည်။

၄၇။ (၂၀၁၇) ခုနှစ်၊ မေလမှ ဇူလိုင်လများတွင် အစွန်းရောက် ဗုဒ္ဓဘာသာဝင် ရဟန်းတော် ဦးဝီသူရသည် ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ နှစ်ကြိမ်တိုင်တိုင်ကြွရောက်ကာ ကြီးမားသော လူထုတရားပွဲများ ကျင်းပဟောပြောခဲ့သည်။ ရသေ့တောင်မြို့နယ်၊ စေတီပြင်ကျေးရွာကို ရခိုင်ရွာသားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဩဂုတ်လ တစ်လလုံးလုံး ပိတ်ဆို့ထားခဲ့သည်။ (၂၀၁၇) ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်နေ့ မတိုင်မီကာလအနီးတွင် တင်းမာမှုများ အရှိန်တက် နေသည့်ကြားမှ မြန်မာမီဒီယာများသည် အာဆာ "အကြမ်းဖက်သမားများ"၏ လှုပ်ရှားမှုသတင်းများ ကို လှုံ့ဆော်သည့် သဘောဖြင့် မီးလောင်ရာလေပင့်ကာ အလုံးအရင်း ရေးသားဖော်ပြခဲ့ကြသည်။ အစိုးရက ကမကထပြုသော ရိုဟင်ဂျာမုန်းတီးရေးစကားများကို ဆက်လက်ပြောကြားနေကြဆဲ ဖြစ်သည်။

၄၈။ ရခိုင်နိုင်ငံရေးသမားများနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ တွေ့ဆုံဆွေးနွေးမှု ပြုလုပ် ပြီးနောက်ပိုင်း၊ (၂၀၁၇) ခုနှစ်၊ ဩဂုတ်လအစောပိုင်းတွင် စစ်တပ်များနှင့် တခြားသော စစ်တပ်ဆိုင်ရာ လက်နက်ပစ္စည်းများသည် ရခိုင်ပြည်နယ် မြောက်ပိုင်းတစ်ဝန်းသို့ အကြီးအကျယ် စုပုံရောက်ရှိလာ ကြသည်။ ခြေမြန်တပ်မ ဌာနချုပ် (၃၃) နှင့် (၉၉)တို့မှ စစ်သားများကို ရခိုင်ပြည်နယ်သို့ လေယာဉ်ဖြင့် ပို့ဆောင်ချထားပေးခဲ့သည်။ စစ်ရေးကိရိယာ၊ လက်နက်တန်ဆာပလာများကိုလည်း လေယာဉ်ဖြင့် ပေးပို့ချထားခဲ့သည်။ စစ်အင်အား တိုးပွား တည်ရှိလာသည်က အထင်အရှားဖြစ်သည်။ နယ်ခြားစောင့် ရဲကင်းစခန်းများကို စစ်သားများက လွှဲပြောင်း၍ တာဝန်ယူခဲ့ကြသည်။ ရခိုင် အမျိုးသားများကို လုံခြုံရေးတပ်ဖွဲ့သို့ ဝင်ရောက်စစ်မှုထမ်းစေသည်။ ရဲတပ်ဖွဲ့သို့လည်း အမြန်စနစ် လမ်းကြောင်းဖြင့် ဝင်ရောက်စေသည်။ တခြားသော ဒေသခံရခိုင်အမျိုးသားများကို စုစည်း၊ စည်းရုံး ကာ လက်နက်များ တပ်ဆင်ပေးထားသည်။ ဤသို့စစ်အင်အား တည်ဆောက်မှုသည် အကြီးအမား ဖြစ်ပြီး၊ အသေအချာ ပြင်ဆင် စီစဉ်ရေးဆွဲချက်များ အချိန်ယူ ဖော်ဆောင်ထားရန် လိုအပ်သည်။ ဤအချက်ကို ကြည့်လျှင် နောက်ပိုင်းစစ်ဆင်ရေးများသည် ကြိုတင်မျှော်မှန်းပြီး အကွက်ချစီမံ ထားခြင်းဖြစ်သည်ကို တွေ့ရသည်။

## (ဂ) ကာလကြာရှည်သောကပ်ဘေး

> မြန်မာနိုင်ငံက တခြားလူတွေလို ကျွန်တော်တို့ကို အခွင့်အရေးတွေ မပေးသေး သရွေ့တော့ မပြန်ချင်ပါဘူး။ ဒီမှာပဲ သေတာ ပိုကောင်းပါတယ်။

၄၉။ နယ်မြေရှင်းလင်းစစ်ဆင်ရေးများသည် (၂၀၁၇) ခုနှစ်၊ စက်တင်ဘာလ (၅) ရက်နေ့တွင်

ပြီးဆုံးခဲ့ပြီဟု[၁၀] အစိုးရက နိုင်ငံတကာကို ပြောကြားခဲ့သော်လည်း၊ စစ်တပ်၏ စစ်စဉ်ရေးများသည် အောက်တိုဘာလထဲထိတိုင် ဆက်လက်ဖြစ်ပွားနေခဲ့သည်။ ရိုဟင်ဂျာများ၏ လွတ်လပ်စွာ ရွေ့လျား သွားလာခွင့်ကို ထပ်မံတင်းကြပ်ခဲ့သည်။ ကျန်ရှိနေသော ရိုဟင်ဂျာများကို ၎င်းတို့အိမ်တွင်း၌သာ နေရန် ကန့်သတ်ထားသဖြင့်၊ ဈေးသွားရန်မဖြစ် နှင့် အသက်မွေးဝမ်းကျောင်းရှာရန် မဖြစ်နိုင့် အာဟာရချို့တဲ့မှုများကို ပိုမိုဆိုးရွားလာစေသည်။ လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့ များ ဖြန့်ချီရေးကို အလွန်အမင်းကန့်သတ်ထားသည်၊ သို့မဟုတ် လုံးဝပိတ်ဆို့ ထားသည်။ တစ်ဘက်တွင်လည်း ဒေသခံအဖွဲ့များက ရိုဟင်ဂျာတို့အား တရားမဝင်တိုက်ခိုက်မှုများနှင့် တခြားသော တိုင်းရင်းသားအုပ်စုများမှ ရိုဟင်ဂျာတို့၏ ပစ္စည်းဥစ္စာများ၊ ကျွဲနွားတိရစ္ဆာန်များနှင့် တခြားပိုင်ဆိုင်ပစ္စည်းများအား ခိုးယူခြင်းတို့ကို အကာအကွယ် မပေးခဲ့ပါ။ လိင်ပိုင်း ဆိုင်ရာ အကြမ်းဖက်မှုအပါအဝင် တိုက်ခိုက်မှုများ ပြတ်တောင်းပြတ်တောင်းနှင့် ဆက်လက်ဖြစ်ပွား နေခဲ့သည်။ ဤအခြေအနေများက ရိုဟင်ဂျာများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ခွာစေရန် ပို၍ဖိအားပေးခဲ့သည်။ (၂၀၁၈) ခုနှစ်၊ နှစ်ဆန်းမှ စတင်၍ လစဉ် ပျမ်းမျှခြင်းအားဖြင့် ရိုဟင်ဂျာများ တစ်လလျှင် (၁၇၃၃) ဦးနှုန်းဖြင့် ထွက်ခွာနေကြသည်။

၅၀။ အစုလိုက်အပြုံလိုက် နေရပ်စွန့်ခွာစေခြင်းနှင့် ရိုဟင်ဂျာကျေးရွာများအား မီးရှို့ခြင်းတို့ ပြုလုပ်ပြီးနောက်ပိုင်းတွင်၊ ဖြစ်ပေါ်လာသော မြေလွတ်များအား စနစ်တကျ ရယူအသုံးပြုမှုများ လုပ်လာကြသည်။ မြေထိုးစက်များဖြင့် မီးလောင်ထားသော၊ ပျက်စီးနေသော နှင့် မပျက်စီးဘဲ ကျန်ရစ်နေသော အဆောက်အအုံများ အပါအဝင် စိုက်ပျိုးခင်းများကို ထိုးနှက်ပြိုပြားစေခဲ့ကြသည်။ ဤသို့ဖြင့် ရိုဟင်ဂျာအသိုက်အဝန်းများ နေခဲ့ကြသော ဒေသများတွင် ၎င်းတို့၏ ဘဝလက္ခဏာ အစအနမကျန်အောင် လက်စဖျောက်ခဲ့ကြသည်။ တချိန်တည်းတွင် ရာဇဝတ်မှုခင်း အထောက် အထားများကိုလည်း ဖျက်ဆီးပစ်ရာရောက်သည်။ ရိုဟင်ဂျာကျေးရွာများ ဒါဇင်ချီ၍ ပျောက်ကွယ် သွားကြပြီဖြစ်သည်။ ဤနေရာများတွင် တည်ထောင်နေသော အဆောက်အအုံအသစ်များမှာ လုံခြုံရေးတပ်ဖွဲ့များအတွက် ကင်းစခန်းများနှင့် တခြားသော တိုင်းရင်းသားအုပ်စုများအတွက် အိမ်ရာတန်းများဖြစ်သည်။ အစိုးရ၏ ပြန်လည်နေရာချထားရေး စီမံကိန်းအသစ်များအရ နေရပ် စွန့်ခွာသူများအတွက် ဆောက်လုပ်ပေးမည့် အိမ်အားလုံးနီးပါးသည် ရိုဟင်ဂျာမဟုတ်သော တခြား တိုင်းရင်းသားများအတွက်သာ ဖြစ်သည်။ ရိုဟင်ဂျာတို့၏မြေယာများကို ရယူအသုံးပြုထားသော

---

[၁၀] အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများနှင့် ပတ်သက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သောမိန့်ခွန်း။ (၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၁၉) ရက် ဖေ့စ်ဘွတ်စာမျက်နှာမှ စာစု)
https://www.facebook.com/state.counsellor/posts/speech-delivered-by-her-ecellency-daw-aung-san-suu-kyi-state-counsellor-of-the-/1121130291354519/

လမ်းသစ်များနှင့် သတ္တုတွင်းများအပါအဝင် တခြားသော အခြေခံအဆောက်အအုံ စီမံကိန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိကြသည်။

၅၁။ အစိုးရသည် အဟန်သဘောဖြင့် ရိုဟင်ဂျာများကို ပြန်လည်လက်ခံမည်ဟု အာမခံခဲ့သော်လည်း၊ ယနေ့အထိ ဤသို့ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် လုံခြုံစွာ၊ ဂုဏ်သိက္ခာရှိစွာ နှင့် ရေရှည်တည်တံ့ ခိုင်မြဲမည့် ပြန်လည်လက်ခံရေးဖြစ်ရန် မရှိမဖြစ်လိုအပ်သော လူ့အခွင့်အရေးကို လေးစားသည့် ပုံစံလက္ခဏာများအား မတွေ့ရသေးပေ။ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်များတွင် NVCကတ်များကိုလက်ခံရယူရန် နှင့် သံဆူးကြိုးခတ်ထားသော လက်ခံရေးစခန်းများတွင် စိစစ်ခံရန် လိုအပ်သည်။ အစိုးရခွင့်ပြုချက်ဖြင့် ဖိနှိပ်ထားမှုနှင့် ဖယ်ထုတ်ခွဲခြားသော ပြောစကားများ အပါအဝင်၊ အစုလိုက်အပြုံလိုက် ထွက်ပြေးမှုကို ဖြစ်စေသော အရင်းခံ အကြောင်းတရားများကို လက်မခံငြင်းဆန်ကာ ဆက်လက်၍ မလျော့ချဘဲ ပြုလုပ်နေကြဆဲဖြစ်သည်။ လူ့အခွင့်အရေးကို ဆိုးရွားစွာ ကျူးလွန်ချိုးဖောက်ခဲ့ကြသော လုံခြုံရေးတပ်ဖွဲ့များသည် ပြစ်ဒဏ်မှ ကင်းဝတ်နေသည် သာမက၊ ထိုစစ်သားများသည် ပြန်လည်ဝင်ရောက်လာသူများ၏ လုံခြုံရေးကို တာဝန်ယူမည့် သူများလည်း ဖြစ်သည်။

## (ဃ) ပြစ်မှုကျူးလွန်သူများ

၅၂။ "နယ်မြေရှင်းလင်းစစ်ဆင်ရေးများ"ကို တပ်မတော်မှ ဦးဆောင်ခဲ့သည်။ ၎င်းနှင့်အတူ တခြားသော လုံခြုံရေးတပ်ဖွဲ့များ၊ အထူးသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့တို့ ပါဝင်ခဲ့ကြသည်။ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် လက်အောက်ခံ တပ်ရင်း၊တပ်ဖွဲ့များသည် တက်ကြွစွာ ပါဝင်ခဲ့ကြသည်။ ၎င်းတို့နှင့်အတူ ခြေမြန်တပ်မဌာနချုပ် အမှတ် (၃၃) နှင့် (၉၉) တို့လည်း ပါဝင်ခဲ့ကြသည်။ ဤတပ်မအားလုံးသည် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းကို တိုက်ရိုက် အစီရင်ခံကြသည်။ အဆိုးရွားဆုံးသော ချိုးဖောက်မှုများကို ခြေမြန်တပ်မဌာနချုပ် တပ်များက ကျူးလွန်ခဲ့ကြသည်။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ဖြစ်ရပ်အားလုံးလိုလိုမှာ တပ်မတော် စစ်သားများ၏ လုပ်ရပ်ဖြစ်သည်။

၅၃။ အချို့သောကျေးရွာများတွင် ရခိုင်အမျိုးသားများသည် စစ်ဆင်ရေးတွင် ပါဝင်ခဲ့ကြသည်။ အများအားဖြင့် လုယက်မှုနှင့် မီးရှို့မှုတို့ ပြုလုပ်ခဲ့ကြသည်။ ရိုဟင်ဂျာများကို သတ်ဖြတ်မှုနှင့် ထိခိုက်ဒဏ်ရာရစေမှု တို့တွင်လည်း ပါဝင်ခဲ့ကြသည်။ တခြားသော တိုင်းရင်းသား လူနည်းစု အုပ်စုများမှ အရပ်သားများသည်လည်း အချို့နေရာများတွင် ပါဝင်ကျူးလွန်ခဲ့ကြသည်။ စစ်ဆင်ရေးများတွင် အရပ်သား အုပ်စုများ အဖန်တလဲလဲ၊ စနစ်တကျ စုစည်းပါဝင်နေမှုနှင့် ၎င်းတို့အား လက်နက်တပ်ဆင်ပေးခြင်း၊ တာဝန်ပေးအပ်ခြင်းနှင့် တာဝန်ထမ်းဆောင်ခြင်းတို့ မြို့နယ်(၃)ခု တစ်ဝန်း ပုံစံတူဖြစ်နေခြင်းသည် တပ်မတော်မှ တသမတည်းဖြစ်အောင် အကွက်ချစီစဉ် ဆောင်ရွက်ထားမှုကို ပြသလျက် ရှိသည်။

၅၄။ အာဆာအဖွဲ့မှလည်း လူ့အခွင့်အရေး အလွဲသုံးစားပြုမှုများကို ကျူးလွန်ခဲ့ကြသည်။ ဒါဇင်ကျော် ရွာသားများအား သတင်းပေးသည် ဟု သံသယရှိသဖြင့် သတ်ဖြတ်ခြင်း၊ (၂၀၁၇) ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်နေ့တွင် အထက်ပြူးမ ရခိုင်ရွာကို မီးရှို့ခြင်းတို့ ပါဝင်သည်။ အာဆာအဖွဲ့က ရိုဟင်ဂျာကျေးရွာများကို မီးရှို့ခဲ့ကြသည်ဟု အစိုးရကဖော်ပြခဲ့သော်လည်း မစ်ရှင်းသည် ထိုသို့သော လက္ခဏာများကို မတွေ့ခဲ့ရပါ။ အာဆာက ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသော တခြားသော အလွဲသုံးစားမှုများ၊ မြို၊လူမျိုးများ အပါအဝင် ရခိုင်နှင့်တခြားသော တိုင်းရင်းသားအုပ်စုများကို သတ်ဖြတ်ခဲ့ပါသည်ဆိုသော ဖြစ်ရပ်အတော်များများကို ထပ်မံစုံစမ်းစစ်ဆေးရန် လိုအပ်သည်။ ခမောင်းဆိပ်ရွာမှ ဟိန္ဒူအမျိုးသားနှင့်အမျိုးသမီး အယောက်ပေါင်း (၁၀၀) အထိအား သတ်ဖြတ်ခဲ့မှုကိုလည်း ဆက်လက် စုံစမ်းစစ်ဆေးရန်လိုအပ်သည်။ ထိုဟိန္ဒူဖြစ်ရပ်နှင့် စပ်လျဉ်း၍ မစ်ရှင်း၏ ကနဦးအချက်အလက် အရင်းအမြစ်က လူသတ်မှုဖြစ်ခဲ့သည်ဟု ထောက်ခံ သက်သေပြသော်လည်း၊ ကျူးလွန်သူများက ဘယ်သူဘယ်ဝါဖြစ်ကြောင်း ယတိပြတ်မပြောနိုင်ပါ။ ယင်းဒေသတွင် တခြားသောစစ်သွေးကြွအုပ်စုများ သို့မဟုတ်၊ ရာဇဝတ်အဖွဲ့များကလည်း တက်ကြွလှုပ်ရှားနေလျက်ရှိရာ ၎င်းတို့မှလည်း အလွဲသုံးစားမှုများ ကျူးလွန်ခဲ့ခြင်း ဖြစ်နိုင်ချေရှိသည်။

## (ခ) ကချင်နှင့် ရှမ်းပြည်နယ်များ

> တပ်မတော်စစ်သားတွေက တို့တွေကို လူလိုဆက်ဆံတာမဟုတ်ဘူး၊ တိရစ္ဆာန်လို ဆက်ဆံတာ။ သူတို့က ကိုယ်တွေကို ရှိတောင် မရှိသင့်တဲ့လူတွေလို့ အမြင်ရှိကြတာ။

၅၅။ လုံခြုံရေးတပ်ဖွဲ့များ၊ အထူးသဖြင့် တပ်မတော်သည် အလားတူ အပြုအမူ ဓလေ့ထုံးစံများအား တခြားနေရာဒေသများတွင်လည်း ပြုကျင့်လျက်ရှိသည်။ ကချင်နှင့် ရှမ်းပြည်နယ်များ ပါဝင်သော မြန်မာနိုင်ငံမြောက်ပိုင်းရှိ အခြေအနေကို မစ်ရှင်းက အာရုံစိုက် လေ့လာခဲ့သည်။ မစ်ရှင်းနှင့် အတူ စကားပြောဆိုခဲ့ကြသော ၎င်းဒေသခံများက သူတို့၏ အတိဒုက္ခကို လူတိုင်းက လျစ်လျူရှုထားသည် ဟု ခံစားယူဆကြသည်။

၅၆။ အစိုးရအစဉ်အဆက်သည် "တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ" (EAO) မျိုးစုံ နှင့် နှစ်ဖက် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်များနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) တို့ကို လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်သည်။ တစ်ပြိုင်တည်းတွင်၊ (၂၀၁၁) ခုနှစ်မှစတင်၍ မြန်မာနိုင်ငံမြောက်ပိုင်းတွင် တပ်မတော်နှင့် လက်နက်ကိုင်အဖွဲ့အစည်းများ အကြား တိုက်ပွဲများ တရှိန်တိုး မြင့်မားလာခဲ့သည်။ အထူးသဖြင့် NCAမှ ထုတ်ပယ်ထားသူများ သို့မဟုတ်၊ NCAကိုလက်မှတ်မထိုးသူများနှင့် တိုက်ပွဲအရှိန်မြင့်တက်ခဲ့သည်။ ထိုအဖွဲ့အစည်း များတွင် (၁၇) နှစ်ကြာ တည်တံ့ခဲ့သော အပစ်အခတ် ရပ်စဲရေးသဘောတူညီချက် (၂၀၁၁) ခုနှစ်၌ ပျက်ပြားခဲ့သည့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)၊ ရှမ်းပြည်တပ်မတော် - မြောက်ပိုင်း၊ မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA) နှင့် တအောင်း အမျိုးသား

လွတ်မြောက်ရေး တပ်မတော် (TNLA) တို့ပါဝင်ကြသည်။ TNLA နှင့် ရှမ်းပြည်တပ်မတော် - တောင်ပိုင်း (SSA-S) တို့အကြားတွင်လည်း တိုက်ပွဲများဖြစ်ပွားခဲ့သည်။

၅၇။ ဤပဋိပက္ခများတွင် ရှုပ်ထွေးသော သမိုင်းကြောင်းများရှိပြီး၊ မြေယာအသုံးပြုမှု၊ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ သဘာဝသယံဇာတထုတ်ဖော် အသုံးပြုမှုနှင့် တရားမဝင် မူးယစ်ဆေးဝါး ကုန်သွယ်မှု တို့အပါအဝင်၊ အသီးသီးသော မကျေမနပ် အညိုးများမှ လှုံ့ဆော်ခဲ့ကြသည်။ သို့ရာတွင်၊ အောက်ခြေ အရင်းအမြစ် အကြောင်းခံများမှာ ကိုယ်ပိုင် အုပ်ချုပ်ခွင့် ပိုမိုရယူလိုချက်၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးပိုင်ခွင့်ရယူလိုချက် နှင့် တိုင်းရင်းသား သို့မဟုတ် ဘာသာရေးခွဲခြားမှုများ ပပျောက်လိုချက် အပါအဝင်၊ အရပ်သားများကိုပစ်မှတ်ထားသော တပ်မတော်၏နည်းဗျူဟာများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုတို့ အပေါ် မကျေနပ်ချက်တို့ ဖြစ်သည်။

၅၈။ မစ်ရှင်းသည် ဤလက်နက်ကိုင်ပဋိပက္ခများနှင့် ဆက်စပ်၍ ဖြစ်ရပ်အတော်များများကို မှန်၊ မမှန် ဆုံးဖြတ်စစ်ဆေးနိုင်ခဲ့ပြီး၊ အပြည်ပြည်ဆိုင်ရာဥပဒေအား တသမတ်တည်း ချိုးဖောက်နေသော ဓလေ့ထုံးစံများကိုလည်း အတည်ပြုနိုင်ခဲ့သည်။ တိုက်ပွဲများဆက်လက်ဖြစ်ပွားနေကာ၊ မတည်မငြိမ် ဖြစ်နေသည့် အနေအထားများ၌ ဤချိုးဖောက်မှုများသည် ယနေ့ထိ ဆက်လက်ဖြစ်ပေါ်နေဆဲ ဖြစ်သည်။

## (၁) တပ်မတော်က ချိုးဖောက်မှုများ

> ကိုယ်တို့ရွာမှာ သူပုန်မရှိပါဘူး။ ဒါပေမယ့် စစ်တပ်က ဒီတိုင်းပဲရောက်လာပြီး ပြည်သူတွေကို တိုက်ခိုက်တော့တာပဲ။

၅၉။ မြန်မာနိုင်ငံမြောက်ပိုင်းတွင် တပ်မတော်စစ်ဆင်ရေးများသည် အရပ်သားများနှင့် အရပ်သားပိုင် ပစ္စည်းဥစ္စာများကို ပစ်မှတ်ထားသည့် စနစ်တကျ တိုက်ခိုက်မှုများနှင့် မခွဲခြားဘဲ ထင်ရာစိုင်းရမ်းတိုက်ခိုက်မှုများ ဖြစ်ကြသည်။ တိုက်ခိုက်မှုများသည် များသောအားဖြင့် အရပ်သားများ လူနေထူထပ်သော နေရာများတွင် ဖြစ်လေ့ရှိပြီး၊ စစ်ဆင်ရေး ဦးတည်ချက် ကင်းမဲ့ကာ၊ အရပ်သားများ၏ အသက်၊ အိုးအိမ်စည်းစိမ် နှင့် ကျန်းမာသုခတို့ကို လုံးဝ ဥပေက္ခာမပြုသော လုပ်ရပ်များ ဖြစ်ကြသည်။ တပ်မတော်သားများသည် ထွက်ပြေးနေကြသော သို့မဟုတ် ခိုလှုံရာနေရာ ရှာနေကြသော အရပ်သားများကို သေနတ်၊ အမြောက်၊ လက်နက်ကြီးများဖြင့် တိုက်ခိုက်ပစ်ခတ်ခဲ့ကြသည်။ တိုက်ခိုက်မှုများသည် ပုံမှန်အားဖြင့် အရပ်သားများကို သေဆုံး၊ ဒဏ်ရာရစေခဲ့သည်။ လုယက်မှုများ နေရာအနှံ့ဖြစ်ပွားခြင်းနှင့် အိုးအိမ်များကို ဖျက်ဆီးမီးရှို့မှုများသည် ဖြစ်ရိုးဖြစ်စဉ်များ ဖြစ်နေသည်။ ဤသို့သောအပြုအမူများကို မြန်မာပြည်မြောက်ပိုင်းတွင် ပဋိပက္ခဒဏ်ကို အများဆုံး ခံရသော ဒေသများ၊ အထူးသဖြင့် တိုင်းရင်းသားလက်နက်ကိုင်များ၏ ထိန်းချုပ်မှုအောက်ရှိ နယ်မြေများ သို့မဟုတ် ၎င်းနယ်မြေအနီးတစ်ဝိုက်တို့၌ တွေ့ရသည်။။

၆၀။ ဤလုပ်နည်းလုပ်ဟန်သည် တခြားသော ချိုးဖောက်မှုများ ကျူးလွန်ရန် လွယ်ကူအောင် အကူအညီပေးခဲ့သည်။ အရပ်သားများကို ပစ်မှတ်ထားခြင်းမှာ ၄င်းတို့သည် လက်နက်ကိုင်များနှင့် တိုင်းရင်းသားအုပ်စု တစ်စုတည်းမှ ဖြစ်သောကြောင့် သို့မဟုတ်၊ ၄င်းတို့သည် တိုက်ခိုက်နိုင်သော အရွယ်ရောက်များ ဖြစ်သောကြောင့် ဖြစ်သည်။ အရပ်သားများအား လက်နက်ကိုင်တပ်ဖွဲ့များသို့ မဝင်ရောက်နိုင်ရန် ကြိုးပမ်းမှုဟု ထင်ရသည်။ မစ်ရှင်းသည် အသက်ရှင်ခွင့်အား ချိုးဖောက်လေ့ ရှိသော လုပ်နေကျ အပြုအမူပုံစံ တပ်မတော်တွင်ရှိသည်ဟု အခိုင်အမာ အတည်ပြုနိုင်ခဲ့သည်။ များစွာသော တရားမဝင် သတ်ဖြတ်မှုများ၊ များသောအားဖြင့် တပ်မတော် စစ်ဆင်ရေးများကြားတွင် မခွဲခြားဘဲ ထင်ရာစိုင်း တိုက်ခိုက်မှုများ၊ အရပ်သားများအား ပစ်မှတ်ထားသော တိုက်ခိုက်မှုများ သို့မဟုတ် လူသတ်မှုများ၊ တပ်မတော်က ထိန်းသိမ်းထားသူများကို တရားစီရင်ခြင်းမပြုဘဲ ကွပ်မျက်ခြင်းများ စသည်တို့ကို ကျူးလွန်ခဲ့ကြသည်။ တရားမဝင် သတ်ဖြတ်မှုများသည် တခြားနောက်ခံအခြေအနေတို့တွင်လည်း ဖြစ်ပွားခဲ့သည်။ တိုက်ပွဲများနှင့် တိုက်ရိုက်ဆက်စပ်မှု မရှိသော အခြေအနေများတွင်၊ ဥပမာအားဖြင့် ချွေးတပ်ဆွဲနေစဉ်၊ သတ်ဖြတ်မှုများလည်း ဖြစ်ပွား ခဲ့သည်။

၆၁။ အလားတူ၊ နှိပ်စက်ညှဉ်းပန်းမှုနှင့် တခြားသော ဆိုးရွားစွာဆက်ဆံမှုတို့အားလည်း တပ်မတော်၏ ချိုးဖောက်လေ့ရှိသော လုပ်နေကျ အပြုအမူပုံစံအဖြစ် တွေ့ရှိခဲ့သည်။ အများအားဖြင့် အမျိုးသားများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များကို လက်နက်ကိုင်များ၏ လှုပ်ရှားမှုနှင့် စပ်လျဉ်းသည့် အကြောင်းအရာ သို့မဟုတ်၊ လက်နက်ကိုင်သားများ ဖြစ်ပါကြောင်း ဝန်ခံချက်များ ရရှိရန် နှိပ်စက်ကြသည်။ သို့မဟုတ်၊ တပ်မတော်ရန်သူများဖြစ်သော လက်နက်ကိုင်အဖွဲ့များကို ထောက်ခံအားပေးသူများ ဟူ၍ အပြစ်ပေးခြင်းအနေနှင့် ညှဉ်းပန်းနှိပ်စက်ကြသည်။ နှိပ်စက် ညှဉ်းပန်းမှုနှင့် ဆိုးရွားစွာဆက်ဆံမှုတို့ကို အသုံးပြု၍ လူများကို အဓမ္မခိုင်းစေသည်။ လူများကို ထိန်းသိမ်းထားသော အခြေအနေများသည် မကြာခဏဆိုသလိုပင် ဆိုးရွားစွာဆက်ဆံခြင်း အနေနှင့် သက်ရောက်သည့် အခြေအနေများဖြစ်သည်။ အရပ်သားများအား ပဋိပက္ခနယ်မြေများတွင် စစ်တပ်၏ လှည့်ကင်းများရှေ့မှ အဓမ္မသွားခိုင်းသည်။ တခါတရံတွင် စစ်တပ်ဝတ်စုံများ ဝတ်စေကာ သွားခိုင်းသည်ဖြစ်ရာ ၄င်းအရပ်သားများအား တိုက်ခိုက်ခံရခြင်းများ၊ သေဆုံးခြင်းနှင့် ဒဏ်ရာရရှိခြင်း တို့ ဖြစ်စေသည်။

၆၂။ အမျိုးသမီးများအား မုဒိမ်းကျင့်ခြင်းနှင့် တခြားသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများဖြင့် စော်ကားလျက်ရှိသည်။ တချို့အမျိုးသမီးများကို မြန်မာစစ်သားများက အဓမ္မခေါ်ဆောင်သွားကာ၊ အုပ်စုဖွဲ့မုဒိမ်းကျင့်ခြင်းများ အပါအဝင်၊ မုဒိမ်းကျင့်ကြပြီး၊ သတ်ဖြတ်ထားခဲ့ကြသည်။ အမျိုးသမီး များနှင့် မိန်းကလေးငယ်များကို ရွေးထုတ်ကာ စစ်သားများနှင့် အဓမ္မလက်ထပ်ခိုင်းခြင်း၊ လိင်ပိုင်း ဆိုင်ရာ အကြမ်းဖက်မှုများအား ၄င်းတို့၏ အိမ်များအတွင်းမှာပင် ပစ်မှတ်ထား၍ ကျူးလွန်ကြခြင်း

တို့ ရှိသည်။ များစွာသောဖြစ်ရပ်များ၌ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ နှင့် နှိမ့်ချစော်ကားသော အပြုအမူများ၊ ဆဲဆိုခြင်း၊ တံတွေးထွေးချခြင်း စသည်တို့ကို တွဲဖက် ပြုလုပ်ခဲ့ကြသည်။ အမျိုးသမီးများက ထိုသို့ အထိန်းသိမ်းခံထားရခြင်းတို့မှ အလွတ်အမြောက် ထွက်ပြေးနိုင်ခဲ့လျှင်၊ တပ်မတော်သားများသည် များသောအားဖြင့် ၎င်းတို့ကို ပြန်လိုက်ရှာကြသည်။ ၎င်းတို့၏မိသားစုကို ခြိမ်းခြောက်ကာ မိသားစုပိုင် ပစ္စည်းဥစ္စာများကို ဖျက်ဆီးခြင်း၊ ခိုးယူခြင်းတို့ လုပ်ကြသည်။ အမျိုးသားများကို လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုသည် ထိန်းသိမ်းထားသူများထံမှ အချက်အလက် သို့မဟုတ် ဖြောင့်ချက်များရယူရန် အပါအဝင်၊ နှိပ်စက်ညှဉ်းပန်းရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ကြခြင်းဖြစ်သည်။

၆၃။ တပ်မတော်သည် တရားလက်လွတ်ဖမ်းဆီးခြင်းနှင့် လွတ်လပ်မှုကို ချို့ငဲ့စေခြင်းတို့ကို ကျူးလွန်ခဲ့ကြသည်။ ဤသို့ ဖြစ်ရပ်တော်တော်များများသည် လူများပျောက်ကွယ်သွားအောင် အတင်းအကြပ်ပြုခြင်း (အစဖျောက်ခြင်း) အရာ သက်ရောက်သည်။ အမျိုးသားနှင့် အမျိုးသမီးများ၊ အချို့ဖြစ်ရပ်များတွင် ကလေးများကို ချွေးတပ်ဆွဲရန်သို့မဟုတ် လက်နက်ကိုင်များနှင့် အချိတ်အဆက်ရှိသည်ဟု သံသယ ရှိသည့်အတွက် ၎င်းတို့၏ရွာများမှ အဓမ္မခေါ်ဆောင်သွားပြီး ထိန်းသိမ်းထားကြသည်။ အဖမ်းခံရသူများကို တစ်နေ့တာမှ နှစ်နှစ်တိုင်တိုင်ကြာသည်အထိ တရားမဝင်သော အကျဉ်းထောင်နေရာများတွင် အဆက်အသွယ်ဖြတ်၍ ထိန်းသိမ်းထားကြသည်။ အများစုမှာ မည်သည့်အကြောင်းကြောင့် မိမိတို့ကို ဖမ်းဆီးသည်ကို မရှင်းပြကြသည့် အပြင် တရားရုံးတင် စစ်ဆေးခြင်းလည်း မပြုလုပ်ပေးပါ။ ရှမ်းပြည်နယ်၊ မုန်းကိုး၌ (၂၀၁၆) ခုနှစ်၊ နိုဝင်ဘာလတွင် လူပေါင်း (၁၀၀) ကျော်သည် ဤသို့ ဖမ်းဆီးထိန်းသိမ်းခြင်းကို ခံခဲ့ရသည်။

၆၄။ မြန်မာနိုင်ငံ၏ တခြားသော နယ်မြေဒေသများမှာကဲ့သို့ပင် ချွေးတပ်ဆွဲခြင်းသည် မြန်မာနိုင်ငံ မြောက်ပိုင်း၌ လူအများအပြားအဖို့ နေ့စဉ်နေ့တိုင်း ဖြစ်နေကျ အဖြစ်တစ်ရပ်ဖြစ်သည်။ ပေါ်တာဆွဲခြင်း၊ ကတုတ်ကျင်းများတူးခြင်း၊ သို့မဟုတ် လမ်းပြများ၊ ထမင်းချက်များ အနေနှင့် ခိုင်းစေနိုင်ရန် ချွေးတပ်ဆွဲခြင်းတို့ကို တပ်မတော်က စနစ်တကျ ကျူးလွန်နေသည့် ဓလေ့ထုံးစံကို မစ်ရှင်းမှ အမှန်အကန်ဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်။ စစ်သားများသည် ဆိုင်းမဆင့် ဗုံမဆင့်ရွာများသို့ အမြဲလိုလို ရောက်လာကြပြီး၊ ပြည်သူများကို ချွေးတပ်ဆွဲရန် ခေါ်ဆောင်သွားကြသည်။ ယင်းသို့ ခေါ်ဆောင်သွားခြင်းတို့မှာ တစ်ကြိမ်ဆိုလျှင် ရက်သတ္တပတ်နှင့်ချီ၍ ကြာသည်။ ခေါ်သွားခံရသော လူအချို့အား တပ်မတော်ဘက်မှ တိုက်ခိုက်စေခဲ့သည်။ တပ်မတော်သည် ကလေးစစ်သား ပြဿနာကို ဖြေရှင်းရန် ကြိုးပမ်းမှု တစ်စုံတစ်ရာ ပြုလုပ်ခဲ့သော်လည်း၊ အစီရင်ခံသည့် ကာလအတွင်း ကလေး သူငယ်များကို စစ်သားအဖြစ် စုဆောင်းလျက်ရှိသည်။။

၆၅။ မြန်မာနိုင်ငံမြောက်ပိုင်းတွင် တိုင်းရင်းသားလူနည်းစုများနှင့် ဘာသာခြား လူနည်းစုများ အပေါ် ချိုးဖောက်မှုများသည် များသောအားဖြင့်၊ လူမျိုးခြား၊ ဘာသာခြားများကို ခွဲခြားနှိမ့်ချ

ဆက်ဆံလိုသော ရည်ရွယ်ချက်ဖြင့် ကျူးလွန်လေ့ရှိသည်။ တိုင်းရင်းသား လူမျိုးစု၊ မျိုးနွယ်ဝင်များ ဖြစ်သောကြောင့် သို့မဟုတ်၊ ဘာသာခြားများ ဖြစ်သောကြောင့် ဆိုးရွားစွာ ခွဲခြားနှိမ့်ချ ဆက်ဆံနေကျ ဖြစ်သော နောက်ခံအခြေအနေကို လေ့လာကြည့်မည်ဆိုလျှင် ဤရည်ရွယ်ချက်ကို ထင်ရှားစွာ တွေ့ရှိနိုင်သည်။ ဤအချက်ကို ထင်ရှားစေသော ဥပမာများမှာ စစ်တပ်၏ စစ်ဆင်ရေးများတွင် ခရစ်ယာန်ဘုရားကျောင်းများ နှင့် ဘာသာရေး အသုံးအဆောင်ပစ္စည်းများအား ဖျက်ဆီးခြင်း၊ သို့မဟုတ် ခိုးယူခြင်း (တခါတရံ ဗုဒ္ဓဘာသာစေတီများကို ထိုနေရာတို့၌ နောင်တွင် တည်ထောင်ခြင်း)တို့ အပါအဝင်၊ ထိုသို့ အပြုအမူများ လုပ်နေခိုက် နှိမ့်ချဆဲဆိုသော စကားများ ပြောကြားခြင်းတို့ ဖြစ်ကြသည်။

## (၂) "တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ"က ချိုးဖောက်မှုများနှင့် အလွဲသုံးစားမှုများ

> ကျွန်မသားကို (၂၀၁၆)မှာ တပ်သားအနေနဲ့ အဓမ္မခေါ်သွား ကတည်းက သူ့သတင်းကို မကြားရတော့ဘူး။ သေလား၊ ရှင်လားဆိုတာ ပို့စ်တစ်ခုခုမှာများ တွေ့မလားလို့ ဖေ့စ်ဘွတ်ကို ကျွန်မ အမြဲ ကြည့်တယ်။

၆၆။ လက်နက်ကိုင်များသည် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု ဥပဒေကို ချိုးဖောက်မှုများနှင့် လူ့အခွင့်အရေး အလွဲသုံးစားမှုများကို ကျူးလွန်ခဲ့ကြသည်။ လူခိုးခြင်း နှင့် ထိန်းသိမ်းခြင်း၊ ဆိုးရွားစွာ နှိပ်စက်ဆက်ဆံခြင်းနှင့် အရပ်သားများ၏ လယ်မြေများ၊ ပစ္စည်းဥစ္စာများကိုဖျက်ဆီးခြင်း သို့မဟုတ် တရားမဝင် ရယူသုံးစွဲခြင်းများ အပါအဝင်၊ ချိုးဖောက်မှုများနှင့် အလွဲသုံးစားမှုများ အများအပြားသည် TNLA နှင့် SSA-S တို့အကြား တိုက်ပွဲများဖြစ်ပွားစဉ်က ဖြစ်ခဲ့ကြသည်။ ဤအုပ်စုများနှင့် KIA နှင့် MNDAA တို့သည် တိုက်ပွဲများအတွင်းတွင် အရပ်သားများကို ကာကွယ်ရန် ကြိုတင်ဆောင်ရွက်ချက်များ ပျက်ကွက်ခဲ့ကြပြီး၊ လူကြီးများနှင့် ကလေးသူငယ် များကို အတင်းအဓမ္မတပ်သား စုဆောင်းမှုများစသည်တို့ ကျူးလွန်ခဲ့ကြသည်။ တချို့က အလွန်အကျွံ "အခွန်ကောက်ခြင်း"ဖြင့် အရပ်သားများအပေါ် ကြီးမားသော စီးပွားရေး ဖိအားပေးခြင်းများ ဖြစ်စေခဲ့သည်။ လက်နက်ကိုင် တပ်ဖွဲ့များက အရပ်သားများအား မုဒိမ်းကျင့်ခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း နှင့် သတ်ဖြတ်ခြင်းတို့ ကျူးလွန်သည့်အတိုင်းအတာ မည်မျှ ရှိသည်ကို ထပ်မံစုံစမ်းစစ်ဆေးရန် လိုအပ်သည်။

၆၇။ လက်နက်ကိုင်များ၏ ချိုးဖောက်မှုများနှင့် အလွဲသုံးစားမှုများနှင့် စပ်လျဉ်း၍ မစ်ရှင်းမှ ရရှိခဲ့သော အချက်အလက်များသည် ကိစ္စအားလုံးကို ကိုယ်စားပြုချင်မှ ပြုမည်။ သို့သော်လည်း၊ တင်ပြပြောဆိုချက်များက ဤသို့ ဖြစ်ရပ်များ မကြာခဏ ဖြစ်တတ်သော်လည်း၊ များသောအားဖြင့် စနစ်တကျ အကွက်ချ၍ လုပ်ထားခြင်း မဟုတ်ကြောင်း ညွှန်ပြသည်။ ၎င်းတို့ကို ထပ်မံစုံစမ်းစစ်ဆေးရန် လိုအပ်သည်။

## (၃) ဆိုးရွားသောလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျိုးသက်ရောက်မှု

၆၈။ ကချင်နှင့်ရှမ်းပြည်နယ်တို့တွင် ဆင်းရဲနွမ်းပါးမှု အတိုင်းအတာမှာ မြင့်မားလျက်ရှိသည်။ မြန်မာနိုင်ငံမြောက်ပိုင်းရှိ တိုက်ခိုက်ပွဲများက လူသားချင်း စာနာထောက်ထားမှုအခြေအနေကို ပိုမို ဆိုးရွားစေခဲ့သည်။ ပဋိပက္ခဖြစ်နေသော နေရာများတွင် ပိတ်မိနေသော ပြည်သူများအား ဘေးကင်းသော လမ်းကြောင်းမှ ထွက်ခွာနိုင်ခွင့်ကို ကန့်ကွက်ခဲ့ကြသည်။ တချို့သည် နေရပ်သို့ မပြန်နိုင်သည်မှာ ၄င်းတို့၏အိမ်များ အလုခံရပြီး၊ အဖျက်ဆီးခံရသောကြောင့် လည်းကောင်း၊ တိုက်ပွဲများ အဆက်မပြတ် ဆက်လက်ဖြစ်ပွားနေသောကြောင့် လည်းကောင်း၊ မြေမြှုပ်မိုင်းများ ရှိသောကြောင့် လည်းကောင်း၊ သို့မဟုတ် ၄င်းတို့ထွက်ခွာပြီးနောက် တပ်မတော်နှင့် ကော်ပိုရေးရှင်းများ အပါအဝင် အသီးသီးမှ မိမိတို့၏ အိမ်ယာမြေများအား သိမ်းယူသွားသောကြောင့် လည်းကောင်း ဖြစ်ရသည်။ ထို့ကြောင့် ပြည်တွင်း နေရပ်စွန့်ခွာသူများ၏ အခြေအနေသည် ကာလကြာရှည်ခဲ့ရသည်။

၆၉။ (၂၀၁၁) ခုနှစ်မှစတင်၍ ကချင်နှင့် ရှမ်းပြည်နယ်များတွင် ခန့်မှန်းခြေအားဖြင့် လူပေါင်း (၁)သိန်းခန့်သည် နေရာမဲ့စခန်းများ သို့မဟုတ် စခန်းကဲ့သို့သော အခြေအနေများ၌ နေထိုင်ခဲ့ရသည်။ သူတို့သည် ခိုလှုံရန် မလုံလောက်သော နေစရာနေရာများတွင် ကျပ်သိပ်အောင် နေနေရသည်။ အစားအစာနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ကို လက်လှမ်းမီရေးအား အကန့်သတ်ခံထားရပြီး၊ ၎င်းတို့၏ အာဟာရချို့တဲ့မှုသည် နိုင်ငံတစ်ဝန်းရှိ ပျမ်းမျှခြင်း အတိုင်းအတာထက် များစွာ ကျော်လွန် ချို့တဲ့နေကြသည်။ ကြိုတင်ကာကွယ်နိုင်သော ရောဂါများ အများအပြား ဖြစ်ပွားလျက် ရှိသည်။ ပညာရေးအခွင့်အလမ်းသည် (မူလတန်းမှ အထက်တန်းအထိ) အဆင့်အားလုံး၌ လုံလုံ လောက်လောက်မရှိပါ။ ၄င်းအပြင် ယာယီနေရာမဲ့မှုသည် သံသရာစက်ဝန်းကဲ့သို့ ဆက်လက် လည်ပတ်လျက်ရှိသည်။ နေရာမဲ့မဖြစ်သော ပြည်သူများအကြားတွင် ပညာရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှု အခွင့်အလမ်းများသည် မကြာခဏဆိုသလို တိုက်ပွဲများကြောင့် ပြတ်တောင်းခဲ့ရ လေ့ရှိသည်။

၇၀။ လူသားချင်းစာနာထောက်ထားမှု အထောင့်အပန့်များအား လိုအပ်ချက် ထင်ထင်ထင်ရှားရှား ရှိနေသော်လည်း၊ မကြာခဏ စိတ်ထင်သလို၊ ပိတ်ပင်ခဲ့ကြသည်။ ကယ်ဆယ်ရေးဝန်ထမ်းများ၏ ရွှေ့လျားသွားလာမှုကို ကာလကြာရှည်စွာ ကန့်သတ်ထားကြသည်။ (၂၀၁၆) ခုနှစ်၊ ဇွန်လမှ စတင်၍ အထောက်အပံ့များအား လက်လှမ်းမီမှုသည် သိသိသာသာဆိုးရွားလာရာခဲ့ပြီး၊ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားရေး ဆောင်ရွက်သူများက နေရာမဲ့ပြည်သူအများစု၏လိုအပ်ချက်များ မည်မျှရှိသည်ကို အကဲဖြတ်နိုင်ခြင်း သို့မဟုတ် ဖြည့်စွမ်းနိုင်ခြင်းတို့ မတတ်နိုင်တော့သည်အထိ ဖြစ်လာခဲ့ရသည်။ ထို့ကြောင့် အလွန်ဆိုးရွားနေသော အခြေအနေများ ပိုမို၍ ပြင်းထန်စေခဲ့သည်။ ဒေသခံအဖွဲ့အစည်းများကိုလည်း တဖြည်းဖြည်းနှင့် ပိုမို တားမြစ်လာသည်။

## (ဂ) အခြေခံလုပ်ပိုင်ခွင့်များ

> ဘင်္ဂလားနယ်မှ ဘင်္ဂါလီများ[...] နောက်ပိုင်း လူဦးရေများစွာတိုးပွားလာပြီး ဒေသခံ တိုင်းရင်းသားများ၏ နယ်မြေများကို ရယူပိုင်ဆိုင်ရန် ကြိုးပမ်းခဲ့မှုများ ရှိခဲ့ကြောင်း၊ [...] မြေမြို၍ လူမျိုးမပျောက်ဘဲ လူမြိုပါက လူမျိုးပျောက်နိုင်သောကြောင့် ယင်းကိစ္စများ မဖြစ်ပွားစေရန် အားလုံးက နိုင်ငံအပေါ်သစ္စာရှိစွာ လုပ်ဆောင်ကြရန်လိုကြောင်း[၁၁]

၇၁။ မြန်မာနိုင်ငံရှိ ဒီမိုကရက်တစ် လူ့ဘောင် နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားခွင့်၊ အသင်းအပင်း ဖွဲ့စည်းခွင့် နှင့် ငြိမ်းချမ်းစွာ စုဝေးပိုင်ခွင့်တို့ကို ခံစားနိုင်ခြင်းများနှင့် စပ်လျဉ်း၍ မစ်ရှင်းမှ လေ့လာခဲ့သည်။ ဤအပိုင်းတွင် မြန်မာနိုင်ငံသည် အထူးသဖြင့် (၂၀၁၁) ခုနှစ်နှင့် (၂၀၁၅) ခုနှစ်တို့ကြားတွင် အရေးပါသော တိုးတက်ခြေလှမ်းများကို လှမ်းခဲ့သော်လည်း၊ စိုးလန့်စရာကောင်း သော လုပ်ရပ်ဓလေ့များလည်း ပေါ်ထွက်လာခဲ့သည်။ ဝေဖန်ပြောဆိုသူများအား မြန်မာ့အာဏာပိုင် များက နှုတ်ဆိတ်စေခြင်း၊ တချိန်တည်းမှာပင် ပြစ်မှုကျူးလွန်သူများအား မြှောက်ပေးသော အမုန်းစကားများ ပိုမိုကျယ်လောင်လာစေခြင်း စသည်တို့ဖြင့် ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်တို့ အပါအဝင်၊ နေရာတိုင်း၌ အကြမ်းဖက်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို အရှိန်တိုးမြင့်စေခဲ့ ကြသည်။

၇၂။ မြန်မာ့အာဏာပိုင်များ၊ အထူးသဖြင့် တပ်မတော်သည် စိစစ်မှု သို့မဟုတ် ဝေဖန်မှုများကို သည်းမခံပါ။ ၎င်းတို့သည် အမျိုးမျိုးအဖုံဖုံသော ဥပဒေများကို သုံး၍ ၎င်းတို့အား ဝေဖန်သော အမြင်များကို ဖော်ပြသည့် အရပ်ဘက် လူမှုအဖွဲ့အစည်း ဆောင်ရွက်သူများ၊ စာနယ်ဇင်းသမားများ၊ ရှေ့နေများနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို ဖမ်းဆီးခြင်း၊ ထိန်းသိမ်းထားခြင်း သို့မဟုတ်၊ ခြိမ်းခြောက်စော်ကားခြင်းတို့ ပြုကြသည်။ မကြာမီက ဖြစ်ပွားခဲ့သော နမူနာ ဖြစ်ရပ်များမှာ အင်းဒင်ကျေးရွာ၌ ရိုဟင်ဂျာများအား အစုလိုက် အပြုံလိုက် သတ်ဖြတ်ခဲ့ခြင်းကို ရေးသားဖော်ပြခဲ့သော ရိုက်တာမှ သတင်းထောက်နှစ်ဦးအား တရားစွဲဆို ပြစ်မှုချခဲ့ခြင်း နှင့် ရန်ကုန်မြို့၌ အပါအဝင်၊ မြန်မာနိုင်ငံမြောက်ပိုင်းရှိ ပဋိပက္ခများကို ငြိမ်းချမ်းစွာ ဆန့်ကျင့်ဆန္ဒပြသော လူအုပ်စုများအား တရားစွဲဆိုသည့်အမှုများ ဖြစ်ကြသည်။ ကုလသမဂ္ဂနှင့် ထိတွေ့ဆက်ဆံသည့် အတွက် လက်တုံ့ပြန်ခြင်း၊ ဆန္ဒဖော်ထုတ်ပွဲများတွင် အင်အားအလွန်အကျွံသုံးခြင်း စသည့် ဖြစ်ရပ်များ အမှန်တကယ် ဖြစ်ခဲ့ကြောင်း မစ်ရှင်းမှ အတည်ပြုနိုင်ခဲ့သည်။

---

[၁၁] ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ တပ်ဌာနချုပ်ကို ရဲရဲဝံ့ဝံ့ခုခံကာကွယ်ခဲ့မှု၊ တည်ငြိမ်အေးချမ်းရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်မှုများအတွက် ချီးကျူးဂုဏ်ပြု (၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်၊ ဖေ့စ်ဘွတ်စာမျက်နှာမှ စာစု) https://www.facebook.com/seniorgeneralminaunghlaing/posts/gallant-efforts-to-defend-the/1716465351721279/

၇၃။ အမုန်းစကားများအပေါ် အစိုးရ၏တုံ့ပြန်မှုသည် မလုံလောက်ခဲ့ပါ။ မစ်ရှင်းသည် အွန်လိုင်းတွင်ဖြစ်စေ၊ အွန်လိုင်းမဟုတ်သော သမရိုးကျ စာနယ်ဇင်း မီဒီယာများတွင် ဖြစ်စေ အမုန်းစကားများ ပျံ့ပျံ့နှံ့နှံ့ ရှိနေပုံကို အလွန်အမင်း စိုးရိမ်ကြောင့်ကြမိပါသည်။ မကြာခဏ ဆိုသလို၊ ၎င်းအမုန်းစကားများ၌ ခွဲခြားနှိမ့်ချဆက်ဆံလိုစိတ်၊ ရန်လိုစိတ် သို့မဟုတ် အကြမ်းဖက်လိုစိတ်တို့ ဖြစ်ပေါ်စေသည့် လှုံ့ဆော်ပြောဆိုမှုများ၊ အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးဆိုင်ရာ အမုန်းဝါဒဖြန့်ချီရေးများ ပါဝင်သည်။ ၎င်းတို့သည် အထူးသဖြင့် ရခိုင်ပြည်နယ်၌ အကြမ်းဖက်မှုများ အမှန်တကယ် ဖြစ်ပွားစေခဲ့သည်။ အမျိုးသား ဘာသာ သာသနာ စောင့်ရှောက်ရေးအဖွဲ့ (မဘသ) နှင့် တခြားအလားတူ အဖွဲ့အစည်းများက "အမျိုး ဘာသာသာသနာ ကာကွယ်စောင့်ရှောက်ရေး" ဟူသည့် စည်းရုံးလုပ်ရှားမှုများကို ဦးဆောင်လျက်ရှိကြသည်။ ရိုဟင်ဂျာများနှင့် ယေဘုယျအားဖြင့် မွတ်ဆလင်များကို လူသူမဆန်အောင် နှိမ့်ချပြောဆိုချက်များ၊ အသရေဖျက်ချက်များသည် နှစ်ပေါင်းတာရှည်စွာ ထိုစည်းရုံးလုပ်ရှားမှုများတွင် အဓိကကျသော အပိုင်းကဏ္ဍကို ကြီးစိုးခဲ့ကြသည်။ အမုန်းပွားစေသော အကြောင်းအရာများကို ပြောလေ့ရှိကြသည်။ မြန်မာ့အာဏာပိုင်များက လှုံ့ဆော်သူများ၏ အပြစ်ကို လျစ်လျူရှုခဲ့ကြသည်။ ထို့အပြင် အများအားဖြင့်၊ သိပ်မပြင်းထန်သော အသုံးအနှုန်းဖြင့် ပြောဆိုခဲ့သော်လည်း၊ အာဏာပိုင်တို့ကိုယ်တိုင်က ၎င်း အကြောင်းအရာများ အလားတူကို ထင်ဟပ်ဖော်ပြ၍ အမုန်းတရားများ တိုးတက်မြင့်မားစေခဲ့သည်။ ဤသို့ အမုန်းပွားစေသော ပြောဆိုချက်များမှာ မြန်မာနိုင်ငံတွင် ရိုဟင်ဂျာ လုံးဝမရှိကြောင်း၊ ရိုဟင်ဂျာများသည် မြန်မာ့ ဇာတိခံများ မဟုတ်ကြောင်း၊ ရိုဟင်ဂျာဟူသော အခေါ်အဝေါ်ကို အသုံးပြု မခံကြောင်း၊ ရိုဟင်ဂျာများ ခံစားနေရသော ဒုက္ခများသည် မဟုတ်မမှန် ပြောဆိုချက်များဖြစ်ကြောင်း၊ ရိုဟင်ဂျာ လူမျိုးများ အားလုံးသည် အကြမ်းဖက်သမားများ ဖြစ်ကြောင်း၊ တရားမဝင် ခိုးဝင်လာသူများ ဖြစ်ကြောင်း၊ မထိန်းနိုင် မသိမ်းနိုင် ကလေးများ ပေါက်ဖွားနေကြကြောင်း စသည်တို့ ဖြစ်သည်။ ဤကဲ့သို့သော အမုန်းစကားများအား ပိုမို အကျိုးသက်ရောက်စေသည်မှာ လွဲမှားသော သို့မဟုတ် မပြည့်စုံသော အချက်အလက်များကို တစီးတဆင်း ထုတ်လွှင့်နေခြင်း၊ မျိုးချစ် စိတ်ဓာတ်ဖြင့် လှုပ်ရှားမှုများ ပြုလုပ်ရန် အပွင့်အလင်း တောင်းဆိုနေခြင်း တို့ဖြစ်သည်။ ဥပမာအားဖြင့်၊ "အမျိုး ဘာသာသာသနာ၊ အမျိုးသားယဉ်ကျေးမှုစရိုက် လက္ခဏာ၊ အမျိုးသား အကျိုးစီးပွားတို့ကို မပျောက်ပျက်အောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်" ဟု ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ ပြောကြားခဲ့သည်။ အမုန်းစကားများ ထွန်းကားစေသော၊ လူ့အခွင့်အရေး ချိုးဖောက်မှုများအား တရားဝင်ဖြစ်စေသော၊ ခွဲခြားနှိမ့်ချဆက်ဆံရေးနှင့် အကြမ်းဖက်ရေး လှုံ့ဆော်ချက်များ လွယ်ကူချောမောစွာ ပျံ့ပွားစေသော အခြေအနေရောက်အောင် အရပ်ဘက်အစိုးရ နှင့် တပ်မတော် အပါအဝင်၊ မြန်မာ့အာဏာပိုင်များက ဤသို့ ပြုစုပျိုးထောင်ခဲ့ကြသည် ။

၇၄။ ဆိုရှယ်မီဒီယာ၏အခန်းကဏ္ဍသည် အရေးပါသည်။ အသုံးပြုသူအများစုအတွက် အင်တာနက်ဆိုသည်မှာ ဖေ့စ်ဘွတ်ပင်ဖြစ်သော နောက်ခံအခြေအနေတစ်ရပ်တွင် အမုန်းစကား

ဖြန့်ချီလိုသူများအတွက် ဖေ့စ်ဘွတ်သည် အလွန်အသုံးဝင်သော ကိရိယာဖြစ်သည်။ မကြာသေးမီလများတွင် တိုးတက်မှုများရှိခဲ့သော်လည်း ဖေ့စ်ဘွတ်၏ တုံ့ပြန်မှုသည် နှေးကွေးပြီး ထိရောက်မှုမရှိခဲ့ပါ။ ဖေ့စ်ဘွတ်ရှိ စာစုများနှင့် မက်ဆေ့ချ်များကြောင့် ပြင်ပလောကတွင် ခွဲခြားနှိမ့်ချဆက်ဆံမှုများနှင့် အကြမ်းဖက်မှုတို့ မည်သည့် အတိုင်းအတာအထိ ဖြစ်ခဲ့သည်ကို သီးသန့်လွတ်လပ်စွာနှင့် စေ့စေ့စပ်စပ် စစ်ဆေးရန် လိုအပ်သည်။ ဖေ့စ်ဘွတ်သည် ၎င်း၏ ပလက်ဖောင်းတွင် အမုန်းစကားပျံ့နှံ့မှုနှင့် ပတ်သက်၍ နိုင်ငံအလိုက် သတ်မှတ်ထားသော ဒေတာများကို မမျှဝေပေးနိုင်ခဲ့သဖြင့် မစ်ရှင်းက ဝမ်းနည်းမိပါသည်။ ဖေ့စ်ဘွတ်၏တုံ့ပြန်မှု လုံလောက်ခြင်းရှိမရှိ အကဲဖြတ်နိုင်ရန် ၎င်းဒေတာများကို မရှိမဖြစ် လိုအပ်ပါသည်။

## ၅။ တပ်မတော်စစ်ဆင်ရေး၏ ထူးခြားသိသာသော လက္ခဏာများ

၇၅။ မစ်ရှင်းသည် ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်တို့တွင် ဖြစ်ပွားခဲ့ကြသော တပ်မတော်စစ်ဆင်ရေးများ၏ အဓိက သိသာသော ပင်ကိုစရိုက်လက္ခဏာ (၄) ချက်ကို အလေးထားဖော်ပြလိုက်သည်။

### (က) အရပ်သားများကို ပစ်မှတ်ထားခြင်း

၇၆။ စစ်တပ်သည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု ဥပဒေပါ အခြေခံမူများဖြစ်သည့် တိုက်ခိုက်မှုများတွင် အရပ်သားများကို ခွဲခြား၍ရှောင်ရန်၊ လိုအပ်သည်နှင့် အသုံးပြုသည့် အင်အား အချိုးကျစေရန် နှင့် အရပ်သားများ မတော်တဆ ထိခိုက်သေဆုံးခြင်းတို့ မရှိစေဖို့ ကြိုတင်ကာကွယ်စောင့်ရှောက်ရန် စသည်တို့ကို လေးစားလိုက်နာခြင်း အမြဲလိုလို မရှိခဲ့ပေ။ တပ်မတော်၏ မူဝါဒများ၊ နည်းဗျူဟာများနှင့် အပြုအမူတို့တွင် အရပ်သားများကို တမင်ရည်ရွယ်ချက်ဖြင့် ပစ်မှတ်ထားခြင်း ပါဝင်ခဲ့သည်မှာ ဆယ်စုနှစ်ချီ၍ ကြာခဲ့ပြီဖြစ်သည်။ (၁၉၆၀) ပြည့်လွန်နှစ်များက စတင်ခဲ့သော "ဖြတ်လေးဖြတ်" မူဝါဒကို ယခုတိုင် ကျင့်သုံးဆဲဖြစ်သည်။ "ဖြတ်လေးဖြတ်" မူဝါဒတွင် အစိုးရမဟုတ်သော လက်နက်ကိုင် အဖွဲ့များအား အစားအစာအရင်းအမြစ်၊ ငွေကြေးအရင်းအမြစ်၊ သတင်းအချက်အလက်အရင်းအမြစ် နှင့် ဒေသခံအရပ်သားများထံမှ လူအင်အားအရင်းအမြစ်တို့ ဆက်လက်မရရှိစေရန် ဖြတ်တောက်ရေးတို့ ပါဝင်သည်။ ၎င်းမူဝါဒကို "ရှင်းလင်းစစ်ဆင်ရေး"များဖြင့် အကောင်အထည်ဖော်ခဲ့ကြသည်။ ရန်သူများအား အထောက်အကူပြုနိုင်သည့် အရာအားလုံးကို ဖျက်ဆီးသုတ်သင်သော စစ်ဆင်ရေးများ ဖြစ်ပြီး၊ အရပ်သားများအား သတ်ဖြတ်ကာ ရွာလုံးကျွတ်အား ဖျက်ဆီးကြသောကြောင့် အစုလိုက်အပြုံလိုက် နေရပ်စွန့်ခွာသူများ ဖြစ်ခဲ့ရသည်။

၇၇။ ဤမူဝါဒများနှင့် အပြုအမူများသည် အပြည်ပြည်ဆိုင်ရာဥပဒေလက်အောက်တွင် မြန်မာနိုင်ငံ၏ မဖြစ်မနေ တာဝန်ရှိသော ဝတ္တရားများကို ချိုးဖောက်ရာကျပြီး၊ ရာဇဝတ်မှုများ

အရာရောက်သည်။ ၎င်းတို့အား လုပ်စရာလည်း မလိုပါ။ စစ်ဆင်ရေးအရ လိုအပ်ချက်သည် ဘယ်သောအခါမှ မခွဲခြားဘဲသတ်ဖြတ်ခြင်း၊ အမျိုးသမီးများကို အုပ်စုဖွဲ့မုဒိမ်းကျင့်ခြင်း၊ ကလေးသူငယ်များကို တိုက်ခိုက်ခြင်းနှင့် ရွာလုံးကျွတ်မီးရှို့ခြင်းတို့ကို လုပ်ရန်မလိုပါ။ တပ်မတော်၏ နည်းဗျူဟာများသည် အမြဲတမ်းလိုလို၊ အမှန်တကယ်ရှိသည့် လုံခြုံရေးအန္တရာယ်များထက် အဆမတန် အင်အားကြီးမားလှသည်။ ထိုကဲ့သို့ လုပ်ရပ်များကို ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် အထူးသဖြင့် ကျူးလွန်ခဲ့ကြပြီး၊ မြန်မာနိုင်ငံ မြောက်ပိုင်းတွင်လည်း အလားတူ ဖြစ်ပေါ်ခဲ့ကြသည်။

၇၈။ ဤအစီရင်ခံစာတွင် ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်များရှိ များစွာသော တိုင်းရင်းသား အုပ်စုများမှ အရပ်သားများအပေါ် တပ်မတော်၏ ချိုးဖောက်မှုများကို အကျဉ်းချုံးဖော်ပြထားသော်လည်း၊ တပ်မတော်အနေနှင့် လူ့အသက်၊ လူ့ဂုဏ်သိက္ခာ နှင့် လွတ်လပ်ခွင့်တို့ကို မထီမဲ့မြင်ပြုခြင်း၊ ယေဘုယျအားဖြင့် အပြည်ပြည်ဆိုင်ရာ ဥပဒေဆိုလျှင် လုံးဝဂရုမစိုက်ခြင်းတို့မှာ မြန်မာ တစ်နိုင်ငံလုံးရှိ လူထုအားလုံးအတွက် စိုးရိမ်စရာ ဖြစ်သည်။ ဤပြည်နယ် (၃)ခု ပြင်ပရှိ ဒေသများမှ ထွက်ပြေးလာကြသော ဒုက္ခသည်အရေအတွက် အများအပြား ရှိနေခြင်းသည် အလားတူ လူ့အခွင့်အရေးအပေါ် စိုးရိမ်စရာ ဖြစ်ရပ်များ မြန်မာတစ်နိုင်ငံလုံးတွင် ဖြစ်ပေါ်နေကြောင်း သက်သေခံလျက်ရှိသည်။

## (ခ) လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု

၇၉။ (၂၀၁၁) ခုနှစ်မှစ၍ ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်များရှိ အရပ်သားပြည်သူများကို ပစ်မှတ်ထားသော ကျူးလွန်မှုများတွင် မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသည် အလွန်အကျွံ ဆိုးရွားပြီး၊ အဖန်တလဲလဲ ဖြစ်ပွားနေသော လက္ခဏာတစ်ရပ် ဖြစ်သည်။ မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတို့၏ အလားတူ ပုံစံစရိုက်များကို အနည်းဆုံး ဆယ်စုနှစ်ပေါင်း သုံးစုတိုင်တိုင် တင်ပြခဲ့ကြပြီးသားဖြစ်သည်။ မုဒိမ်းကျင့်ခြင်း၊ အုပ်စုဖွဲ့မုဒိမ်းကျင့်ခြင်း၊ လိင်ပိုင်းဆိုင်ရာ ကျေးကျွန်ပြုခြင်း၊ အဓမ္မ အင်္ကျီအားလုံးချွတ်ခိုင်းခြင်း၊ လိင်ပိုင်းဆိုင်ရာအရှက်ခွဲ ဆက်ဆံခြင်း၊ လိင်အင်္ဂါဖြတ်တောက်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ စော်ကားခြင်း တို့ကို ကျူးလွန် ပြီးနောက်၊ များသောအားဖြင့် အကျူးလွန်ခံရသူများကို သတ်ပစ်လေ့ရှိသည်။ ဤကျူးလွန်မှုများ၏ အတိုင်းအဆပမာဏ၊ ရက်စက်မှုနှင့် စနစ်တကျရှိမှုတို့က မုဒိမ်းကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းတို့ကို စစ်နည်းဗျူဟာတစ်ရပ်အဖြစ် အသုံးပြုကြကြောင်း ညွှန်ပြသည်။ အလားတူ၊ ၎င်းကျူးလွန်မှုများသည် တမင်တကာ ရည်ရွယ်သတ်မှတ်ထားသော မဟာဗျူဟာအရ အရပ်သားပြည်သူများအား ခြိမ်းခြောက်ခြင်း၊ အလွန်အကျွံ ကြောက်စိတ်ဝင်စေရန် အကြမ်းဖက်ခြင်းသို့မဟုတ်၊ အပြစ်ပေးခြင်းတို့ဖြစ်သည်။ ဤကဲ့သို့သော လုပ်ရပ်များက ပုံမှန်သဘော ဖြစ်နေခြင်းသည် ကျူးလွန်သူများ ကာလရှည်ကြာစွာ အပြစ်ကင်းလွတ်နေသော အခြေအနေတွင်သာ ဖြစ်ပေါ်နိုင်သည်။

## (ဂ) ဖယ်ထုတ်လိုသော ရည်ရွယ်ချက်ဖြင့် ပြောဆိုမှုများ

၈၀။ တပ်မတော်သည် သမိုင်းအစဉ်အလာအရ "တိုင်းရင်းသား လူမျိုးစုတို့၏ မတူကွဲပြားချက်များကြားမှ အမျိုးသား စည်းလုံးညီညွတ်ရေး"အား ထိန်းသိမ်းပေးသည့်၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သူအဖြစ် မိမိကိုယ်မိမိ ပုံဖော်ထားသည်။ တချိန်တည်းတွင် ဗမာဗုဒ္ဓဘာသာဝင်တို့၏ စရိုက်လက္ခဏာနှင့် အကျိုးစီပွားများကို ဦးစားပေးထားသည်။ တိုင်းရင်းသားလူနည်းစုများနှင့် ဘာသာရေးလူနည်းစု အုပ်စုများအား ခွဲခြားနှိမ့်ချသော ဆက်ဆံရေးများ ရှိခဲ့သည်ကို၊ ဆယ်စုနှစ်ပေါင်းများစွာချီ၍၊ အများအပြား အသေအချာ မှတ်တမ်းတင်ထားပြီးသားဖြစ်သည်။ စစ်တပ်စစ်ဆင်ရေးများတွင်၊ များသောအားဖြင့် နက်နက်နဲနဲ စော်ကားရာရောက်သော ဆဲဆိုချက်များ နှင့် လူမျိုးစု၊ ဘာသာရေး ကွဲပြားမှုတို့နှင့် စပ်လျဉ်း၍ ပေါ်ပေါ်ထင်ထင် ခြိမ်းခြောက်ချက်များအား အတူတွဲ ပြောဆိုကြစမြဲဖြစ်သည်။

၈၁။ ဤကဲ့သို့ ဖယ်ထုတ်လိုသော ရည်ရွယ်ချက်ဖြင့် ပြောဆိုချက်များသည် ရိုဟင်ဂျာတို့ အဖို့ ပိုမိုဆိုးရွားသည်။ အစိုးရကိုယ်တိုင်က ကမကထလုပ်ထားသည့် ဂုဏ်သိက္ခာနိမ့်ကျစေသော ခွဲခြားဆက်ဆံမှုများကြားထဲမှ ရိုဟင်ဂျာတို့သည် (၁၉၆၀) ပြည့်လွန်နှစ်များမှစ၍ တစတစ တိုးကာ မြန်မာနိုင်ငံမှ ဖယ်ထုတ်ခြင်းကို ခံခဲ့ရသည်။ ထိုသို့ဖြင့် ၎င်းတို့သည် နိုင်ငံမဲ့များဘဝသို့ ကျရောက်ခဲ့ရပြီး၊ ပြည်သူအများစု၏ မုန်းတီးစော်ကားခြင်းများကိုလည်း ခံရလျက်ရှိသည်။ မြန်မာ့ လူ့ဘောင်အဖွဲ့အစည်းတွင် တပ်မတော်က တက်ကြွစွာ ကြိုးပမ်းပျိုးထောင်ထားသော ရိုဟင်ဂျာများအား နက်ရှိုင်းစွာ ခွဲခြားဖယ်ထုတ်လိုသော၊ လူသူမဆန်စေသော ပြောဆိုချက်များသည် ပုံမှန်သဘောဖြင့် တည်တံ့နေခြင်းကို မစ်ရှင်းမှ အလွန်အံ့သြ စိုးရိမ်မိသည်။ တခြားသောတိုင်းရင်းသားနှင့် ဘာသာရေး လူနည်းစုများအား အနည်းဆုံး သဘောတရားဖြင့်၊ မြန်မာနိုင်ငံတွင် ဇာတိခံသော "တိုင်းရင်းသား လူမျိုးစု"များအဖြစ် လက်ခံကြသော်လည်း၊ ရိုဟင်ဂျာတို့၏ တရားဝင် နေထိုင်ခွင့် မရှိခြင်းသည် ၎င်းတို့အား အလွန်အမင်း ခုခံနိုင်စွမ်းမရှိ ဖြစ်စေသည်။ ဤအချက်များက ယင်းတို့အား အစွန်းရောက် အတိုင်းအတာနှင့် ပြင်းပြင်းထန်ထန် အကြမ်းဖက်ခဲ့ခြင်းတို့ကို နောက်ဆက်တွဲ ဖြစ်ပွားစေသည်။

## (ဃ) ပြစ်ဒဏ်မှကင်းလွတ်နေမှု

၈၂။ တပ်မတော်သည် အပြည့်အဝ ပြစ်ဒဏ်မှ ကင်းလွတ်နေပြီး၊ မည်သည့်အခါမှ တာဝန်ယူအပြစ်ခံရခြင်း မရှိခဲ့ပါ။ ၎င်း၏ စံတုန့်ပြန်မှုမှာ ငြင်းဆန်ရန်၊ ပယ်ချရန်နှင့် ပိတ်ဆို့ရန်ဖြစ်သည်။ တပ်မတော်သည် တပ်ဖွဲ့များ၏ စည်းကမ်းလိုက်နာမှုကို လူသိရှင်ကြားချီးကြူးကာ၊ စစ်ဆင်ရေးများအား "ဥပဒေကို အပြည့်အဝလိုက်နာလျက်" ပြုလုပ်ခဲ့ကြသည် ဟုဆိုသည်။ ၎င်းသည် ပြစ်မှုကျူးလွန်သူများကို အားပေးအားမြှောက်သည်။ မငြင်းဆန်နိုင်သော အထောက်အထားကို အများပြည်သူက ဖော်ထုတ်ခြင်းနှင့် ကြုံရသောအခါ၊ အပေါ်ယံစုံစမ်းစစ်ဆေးမှုများကို ရံဖန်ရံခါတွင်သာ ပြုလုပ်ခဲ့သည်။ တပ်မတော်သည် တာဝန်ဝတ္တရားများကို အသိအမှတ်ပြုချက် အမြဲလိုလို ပျက်ကွက်

ခဲ့ပြီး၊ တပ်ဖွဲ့များအား လုပ်ချင်ရာလုပ် အပြစ်မခံရဘူးဟု ထပ်လောင်း ဖော်ပြထားသည်။ ဤစနစ်သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် ဥပဒေရေး တည်ဆောက်ပုံ၏ ရလဒ်ဖြစ်သည်။ တပ်မတော်ကို အရပ်သားအစိုးရ၏ ကြီးကြပ်မှု လက်အောက်မှ လုံးဝဖယ်ရှားထားပြီး၊ ၎င်းတို့၏ အရေးကိစ္စများကို ဖွဲ့စည်းပုံဥပဒေအရ ကိုယ်ပိုင် တရားစီရင် ဆောင်ရွက်နိုင်ခွင့် ပေးထားသည်။ စစ်တပ်၏ တရားစီရင်ရေးကိစ္စရပ်များတွင် ကာကွယ်ရေးဦးစီးချုပ်သည် "နောက်ဆုံးနှင့် အပြီးသတ်"ဖြစ်သော ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည်။ အထောက်အထား မှတ်တမ်းများအရ တပ်မတော်၏ ရာဇဝတ်မှု ကျူးလွန်နေကျ သမိုင်းအစဉ်အလာကို ကြည့်လျှင်၊ ခေါင်းဆောင်ပိုင်းက တာဝန်ဝတ္တရား လက်ခံရယူခြင်း မရှိကြောင်း၊ ရာဇဝတ်မှုခင်းများကို ကြိုတင်တားဆီးရန် သို့မဟုတ် နှိမ်နင်းရန် ဆောင်ရွက်ချက်များ မရှိကြောင်းကို တွေ့ရှိရသည်။

## ၆။ အပြည်ပြည်ဆိုင်ရာဥပဒေအရ ရာဇဝတ်မှုများ

၈၃။ စုဆောင်းရရှိထားသော အချက်အလက်များ အပေါ်အခြေခံ၍ "ယုတ္တိရှိသော" ဟူသည့် စံချိန်အရ၊ မစ်ရှင်းမှ ဤသို့ကောက်ချက်ချလိုက်သည်။ အပြည်ပြည်ဆိုင်ရာဥပဒေအရ လေးနက်ဆိုးရွားသော ရာဇဝတ်မှုများကို မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့ကြရာ၊ ရာဇဝတ်မှုခင်း စုံစမ်းစစ်ဆေးမှုနှင့် တရားစွဲဆိုမှုပြုလုပ်ရန် လိုအပ်သည်။ မစ်ရှင်း၏ ခွဲခြမ်းစိတ်ဖြာ သုံးသပ်ချက် အပြည့်အဝကို A/HRC/39/CRP.2. တွင်ဖော်ပြထားသည် ။

### (က) ဂျန်နိုဆိုက် (ခေါ်) မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ခြင်း[၃၂]

၈၄။ လူသားတစ်ဦးတစ်ယောက်က အမျိုးသား၊ တိုင်းရင်းသားမျိုးနွယ်စု၊ လူမျိုးစု သို့မဟုတ် ဘာသာရေးအုပ်စု တစ်ခုခု၏ အလုံးစုံကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ ဖျက်စီးရန် ရည်ရွယ်ချက်ဖြင့် မလုပ်ရဟု တားမြစ်ထားသော လုပ်ဆောင်ချက် (၅)ချက်မှ တစ်ချက်ချက်ကို လုပ်ဆောင်ပါက ဂျန်နိုဆိုက် (ခေါ်) မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ခြင်းအား ကျူးလွန်သည်ဟု သတ်မှတ်သည်။ ဤအဓိပ္ပာယ်ဖွင့်ဆိုချက်အရ ရိုဟင်ဂျာတို့သည် ထိုကဲ့သို့သော အကာအကွယ်ပေးရန် လိုအပ်သည့် အုပ်စုတစ်စုဖြစ်သည်။ ၎င်းတို့အား မြန်မာ့လုံခြုံရေးတပ်ဖွဲ့များနှင့် တချို့သော အရပ်သားများက ပူးပေါင်းဆောင်ရွက်ခဲ့ကြသော လုပ်ဆောင်ချက်များသည် တားမြစ်ထားသည့် လုပ်ဆောင်ချက် (၅)ချက်မှ အောက်ပါ(၄)ချက် ကို ကျူးလွန်ခဲ့ရာ ရောက်သည်။ ထိုလုပ်ဆောင်ချက် (၄)ချက်မှာ (က) အသက်သတ်ဖြတ်ခြင်း၊ (ခ) ခန္ဓာကိုယ်တွင် သို့မဟုတ်၊ စိတ်ပိုင်းဆိုင်ရာတွင်

[၃၂] ယေဘုယျအားဖြင့်၊ "လူမျိုးသုဉ်း သတ်ဖြတ်ခြင်း"ဟု ဘာသာပြန်ဆိုလေ့ရှိသော ဂျန်နိုဆိုက် (Genocide) အခေါ်အဝေါ်သည် အထက်တွင် ရှင်းပြထားသည့် အတိုင်း၊ လူများကို သတ်ဖြတ်မှုသာ ကျူးလွန်သည့် ပြစ်မှုမဟုတ်သဖြင့်၊ ဤအစီရင်ခံစာတွင် "မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ခြင်း"ဟု အနီးစပ်ဆုံး ဘာသာပြန်ထားသည်။

လေးနက်သော ဒဏ်ရာများ ရရှိစေခြင်း၊ (ဂ) အုပ်စုတစ်စုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းအား ရုပ်ပိုင်းဆိုင်ရာအရ ပျက်စီးစေရန် တွက်ချက်ထားသည့် လူမှုဘဝအခြေအနေများကို ကျရောက်စေခြင်းနှင့် (ဃ) မွေးဖွားနှုန်းကို တားဆီးရန် ရည်ရွယ်သော ဆောင်ရွက်ချက်များ ချမှတ်ခြင်း တို့ ဖြစ်သည်။

၈၅။ ရာဇဝတ်မှု၏ အဓိကကျသော အချက်မှာ "မျိုးဖြုတ်ရန် ရည်ရွယ်ချက်" ဖြစ်သည်။ မစ်ရှင်းသည် မိမိတို့တွင်ရှိသော အချက်အလက်များအပေါ် မူတည်၍ အဆိုပါရည်ရွယ်ချက် ရှိခဲ့ကြောင်း ကျိုးကြောင်းညီညွတ်စွာ ကောက်ချက်ချနိုင်သည်၊ မချနိုင်သည်ကို အပြည်ပြည်ဆိုင်ရာ တရားခုံရုံးများ၏ ဥပဒေစနစ်များအရ အကဲဖြတ်ဆန်းစစ်ခဲ့သည်။ ရခိုင်ပြည်နယ်၌ ဖြစ်ပျက်ခဲ့သော ရာဇဝတ်မှုများနှင့် ၄င်းတို့အား ကျူးလွန်ခဲ့သည့် ပုံစံမှာ မျိုးဖြုတ်ရန် ရည်ရွယ်ချက်ရှိခဲ့သည်ဟု တရားခုံရုံးမှ အတည်ပြုခဲ့ပြီးဖြစ်သော တခြားအဖြစ်အပျက်တို့၏ သဘောသဘာဝ၊ ဆိုးရွားမှု အနေအထားနှင့် နယ်ပယ် အကျယ်အဝန်းတို့မှာ ဆင်တူသည်။ ထိုကဲ့သို့ ရည်ရွယ်ချက်ရှိသည်ဟု ညွှန်ပြနေသည့် အချက်အလက်များမှာ ကျယ်ကျယ်ပြန့်ပြန့် နှိပ်ကွပ်ထားသော နောက်ခံအခြေအနေနှင့် အမုန်းစကားများ၊ တပ်မှူးများနှင့် တိုက်ရိုက်ပြစ်မှုကျူးလွန်သူတို့၏ ပြောစကားများ၊ ရခိုင်ပြည်နယ်ရှိ လူဦးရေဖွဲ့စည်းပုံ အနေအထားကို ပြောင်းလဲစေသော မူဝါဒများ အပါအဝင် တခြားဖယ်ထုတ်ရေး မူဝါဒများ၊ ဖျက်ဆီးရန် အကြံအစည်ရှိသည်ဟု ညွှန်ပြနေသော အဖွဲ့အစည်းအစီအစဉ်၏ အတိုင်းအတာ၊ အကြမ်းဖက်မှု၏ အစွန်းရောက် ပမာဏနှင့် ရက်စက်မှုတို့ ဖြစ်ကြသည်။

၈၆။ ရည်ရွယ်ချက်နှင့် ပတ်သက်၍ တခြားဖြစ်နိုင်ချေများကို မစ်ရှင်းက ဂရုတစိုက် စဉ်းစားချင့်ချိန်ခဲ့သည်။ သို့သော်လည်း၊ ၎င်းတို့အားလုံးမှာ ကျိုးကြောင်း ဆီလျော်မှုမရှိသ၍ လျစ်လျူရှုနိုင်သည်ဟု မစ်ရှင်းက ထင်မြင်ယူဆသည်။ ဤအချက်နှင့်စပ်လျဉ်း၍ မစ်ရှင်းသည် စာပိုဒ် (၃၅) တွင် အလေးပေးဖော်ပြထားသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ပြောကြားချက်ကို အမှတ်ပြုသည်။ ထိုပြောကြားချက်အရ "ရှင်းလင်းစစ်ဆင်ရေးများ"သည် အာဆာ၏ ခိုင်မာသော ခြိမ်းခြောက်မှုအန္တရာယ်ကို တုံ့ပြန်ရန်မဟုတ်ဘဲ၊ "မပြီးပြတ်ခဲ့"သည့် "ဘင်္ဂါလီပြဿနာ"ကို "ဖြေရှင်း"ရန် အတွက် ဖြစ်သည်။။

၈၇။ မျိုးဖြုတ်ရန် ရည်ရွယ်ချက်ရှိကြောင်း ကျိုးကြောင်းညီညွတ်စွာ ကောက်ချက်ချမှုနှင့် စပ်လျဉ်း၍၊ ဤကဲ့သို့ စဉ်းစားချင့်ချိန်မှုများအရ၊ တပ်မတော်ကွပ်ကဲမှု အဆင့်ဆင့်ရှိ အကြီးတန်းအရာရှိများအား စုံစမ်းစစ်ဆေးပြီး တရားစွဲဆိုနိုင်ရန်၊ အချက်အလက် လုံလုံလောက်လောက် ရှိသည်ဟု မစ်ရှင်းက သုံးသပ်လိုက်သည်။ ရခိုင်ပြည်နယ်၌ ဖြစ်ပွားခဲ့သော ကိစ္စနှင့် ပတ်သက်၍၊ ၎င်းစစ်အရာရှိကြီးများသည် ဂျန်နိုဆိုက် (ခေါ်)မျိုးဖြုတ်ခြင်း အတွက် တာဝန်ရှိကြောင်း အရည်အချင်းပြည့်ဝသော တရားခုံရုံးတစ်ရုံးမှ ဆုံးဖြတ်ချက်ချနိုင်ရန် ဖြစ်သည်။

## (ခ) လူသားတမျိုးနွယ်လုံး အပေါ် သက်ရောက်သည့် ရာဇဝတ်မှုများ

၈၈။ ကောက်ယူရရှိထားသော အချက်အလက်များကိုအခြေခံ၍ လူသားတမျိုးနွယ်လုံး အပေါ် သက်ရောက်သည့် ရာဇဝတ်မှုများအား ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်တို့တွင် အဓိကအားဖြင့်၊ တပ်မတော်က ကျူးလွန်ခဲ့သည်ဟု မစ်ရှင်းမှ တွေ့ရှိရသည်။ ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် လူသားတမျိုးနွယ်လုံးအပေါ် သက်ရောက်သည့် ရာဇဝတ်မှုများဖြစ်သော လူသတ်မှု၊ ထောင်သွင်း အကျဉ်းချမှု၊ လူများ ပျောက်ကွယ်သွားအောင် အတင်းအကျပ်ပြုမှု (အစဖျောက်ခြင်း)၊ နှိပ်စက် ညှဉ်းပန်းမှု၊ မုဒိမ်းမှု၊ လိင်ပိုင်းဆိုင်ရာကျေးကျွန်ပြုမှုနှင့် တခြားသောလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု လုပ်ရပ်များ၊ လူမျိုးခြား၊ ဘာသာခြားများကို ခွဲခြားနှိမ့်ချ ဆက်ဆံမှုနှင့် ကျေးကျွန်ပြုမှုတို့ပါဝင်သည်။ ရခိုင်ပြည်နယ်တွင် ဤကျူးလွန်မှုများအပြင်၊ တခြားသော လူသားတမျိုးနွယ်လုံးအပေါ် သက်ရောက် သည့် ရာဇဝတ်မှုများကိုလည်း ကျူးလွန်ခဲ့ကြသည်။ လူအစုလိုက် အပြုံလိုက်သတ်ဖြတ်မှုများနှင့် နိုင်ငံမှနှင်ထုတ်ခြင်း စသည်တို့လည်း ဖြစ်ပျက်ခဲ့သည်။ ထို့အပြင် စနစ်တကျ ဖိနှိပ်ခြင်းနှင့် ခွဲခြား နှိမ့်ချဆက်ဆံခြင်းတို့က လူမျိုးခြားဘာသာခြားများကိုခွဲခြားနှိမ့်ချဆက်ဆံသည် ဆိုသော တွေ့ရှိချက် ကို ထောက်ခံသည်သာမက၊ အသားရောင်ခွဲခြားသော နိုင်ငံရေးစနစ် (အပါသိုက်) ဆိုင်ရာ ရာဇဝတ်မှု အရာလည်း သက်ရောက်နိုင်သည်။ မြန်မာနိုင်ငံမြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်စသည့် နှစ်နေရာလုံး တွင် ဤအပြုအမူများကို အရပ်သားပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ တိုက်ခိုက်ခြင်း အနေနှင့် ကျူးလွန်ခဲ့ကြသည်။

## (ဂ) စစ်ရာဇဝတ်မှုများ

၈၉။ (မစ်ရှင်းမှ သုံးသပ်လျက်ရှိသော ကာလအပိုင်းအခြား တစ်ရပ်လုံးတွင်) ကချင်နှင့် ရှမ်းပြည်နယ်များ၌ ပြည်တွင်းလက်နက်ကိုင်တိုက်ပွဲများ ဖြစ်ပွားနေသည်၊ ရခိုင်ပြည်နယ်တွင် အနည်းဆုံး (၂၀၁၇) ခုနှစ်၊ ဩဂုတ်လနောက်ပိုင်းမှစ၍ ပြည်တွင်းလက်နက်ကိုင်တိုက်ပွဲများ ဖြစ်ပွား ခဲ့သည် ဟူသော မစ်ရှင်း၏ကောက်ယူချက်အရ၊ လူသားတမျိုးနွယ်လုံးအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအရာရောက်သော အပြုအမူအများစုသည် စစ်ရာဇဝတ်မှုများအနေနှင့်လည်း သက်ရောက်နိုင်သည်။ ၄င်းစစ်ရာဇဝတ်မှုတို့မှာ လူသတ်ခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ ရက်စက်စွာ ဆက်ဆံခြင်း၊ လူ့ဂုဏ်သိက္ခာကို တမင်တကာ ကျဆင်းစေရန် ပြုမူစော်ကားခြင်း၊ အရပ်သားများကို တိုက်ခိုက်ခြင်း၊ အရပ်သားများကို နေရပ်စွန့်ခွာစေခြင်း၊ စစ်ဖြစ်နေစဉ် အကြမ်းဖက်လုယက်ခြင်း၊ အလေးအမြတ်ထားသော ပစ္စည်းများကို တိုက်ခိုက်ခြင်း၊ ဓားစာခံခေါ်ဆောင်ခြင်း၊ သင့်လျော်သည့် ရုံးတင်စစ်ဆေးခြင်းမရှိဘဲ ပြစ်ဒဏ်ချမှတ်ခြင်း သို့မဟုတ်၊ ကွပ်မျက်ခြင်း တို့အပြင် မုဒိမ်းကျင့်ခြင်း၊ လိင်ပိုင်းဆိုင်ရာ ကျေးကျွန်ပြုခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းတို့ ဖြစ်ကြသည်။ လက်နက်ကိုင်များနှင့် အာဏာတို့က ကျူးလွန်ခဲ့သည့် တချို့သော အပြုအမူများသည်လည်း စစ်ရာဇဝတ်မှုများအရာ သက်ရောက်နိုင်သည်။

## ၇။ တာဝန်ဝတ္တရားများ

၉၀။ အစိုးရမဟုတ်သော လက်နက်ကိုင် အဖွဲ့အစည်းများက ပြည်သူတို့အပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် ၎င်းတို့အား တာဝန်ယူ အပြစ်ခံစေသင့်သည်။ ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်များတွင် မစ်ရှင်းမှ သုံးသပ်လျက်ရှိသော ကာလအပိုင်းအခြား တစ်ရပ်လုံး၌ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေလက်အောက်ရှိ ရာဇဝတ်မှုများအား အဓိက ပြစ်မှုကျူးလွန်သူမှာ တပ်မတော်ဖြစ်သည်။ ထို့အပြင်၊ ရခိုင်ပြည်နယ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နစက[32] နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့များကလည်း ပြစ်မှုကျူးလွန်သူများ ဖြစ်ခဲ့ကြသည်။ ဒေသခံ အာဏာပိုင်များ၊ ပြည်သူ့စစ်များ၊ "အရပ်သား"စစ်သွေးကြွအုပ်စုများ၊ နိုင်ငံရေးသမားများနှင့် ရဟန်းများသည် ချိုးဖောက်မှုများတွင် အတိုင်းအတာ အသီးသီးဖြင့် အပါအဝင် သို့မဟုတ် အကူအညီပေးခဲ့ကြသည်။

၉၁။ တပ်မတော်ဌာနချုပ်သည် ၎င်း၏ ကိုယ်ပိုင်တပ်သားများထံတွင် သာမက၊ စစ်ဆင်ရေးများတွင် တပ်မတော်ဘက်မှ ပါဝင်လှုပ်ရှားနေသည့် တခြားသော လက်နက်ကိုင်သူများ အပေါ်တွင်လည်း ထိရောက်စွာ ထိန်းချုပ်နိုင်သည့် အာဏာရှိသည်။ တပ်မတော်က ကျင့်သုံးသည့် ရှေ့နောက် ညီညွတ် နည်းဗျူဟာ ပုံသေနည်းက ဟန်ချက်ညီအောင် စုပေါင်းဆောင်ရွက်နိုင်မှုကို ပြသသည်။ ဤသို့ အဆင့်အတန်းသည် တပ်သားအားလုံးက ထိရောက်စွာ ထိန်းချုပ်နိုင်သည့် အမိန့်တစ်ရပ်ကို တသွေမတိမ်း လိုက်နာမှသာ ဖြစ်နိုင်သည်။ ထိုကဲ့သို့ ထိရောက်စွာ ထိန်းချုပ်နိုင်သည့် အာဏာသည် ကိုယ့်လက်အောက်ငယ်သားများက ကျူးလွန်ခဲ့ကြသော ရာဇဝတ်မှုများအား သိရှိနေမှု၊ ရာဇဝတ်မှုများကို တားဆီးရန်နှင့် အပြစ်ပေးရန် လိုအပ်သော ကျိုးကြောင်းဆီလျော်သည့် ဆောင်ရွက်ချက်များကို ပြုလုပ်ရန်ပျက်ကွက်ခဲ့မှု၊ ထိုပျက်ကွက်မှုများနှင့် ကျူးလွန်ခဲ့သော ရက်စက်ကြမ်းကြုတ်မှုများ ကျိုးကြောင်းဆက်နွယ်နေမှု စသည်တို့နှင့် ပေါင်းစပ်ကြည့်လျှင် ရာဇဝတ်မှုများအပေါ် တာဝန်ရှိသည့် ပုဂ္ဂိုလ်များသည် တိုက်ရိုက်ပြစ်မှုကျူးလွန်ခဲ့သူများ သာမက၊ ၎င်းတို့၏ အထက် အဆင့်ဆင့်ရှိသော ဗိုလ်မှူး၊ ဗိုလ်ချုပ်များလည်း ပါဝင်သည်ဟု ညွှန်ပြသည်။

၉၂။ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းတို့အား ဦးစားပေးပြီး ပြုလုပ်သင့်သော ပုဂ္ဂိုလ်များကို ညွှန်ပြရန်၊ အပြည်ပြည်ဆိုင်ရာ ဥပဒေအရ ရာဇဝတ်မှုကျူးလွန်သူများဟု စွပ်စွဲခံထားရသူများ စာရင်းကို အပြည့်အစုံမဟုတ်သေးသော်လည်း၊ မစ်ရှင်းမှ စတင်ရေးဆွဲထားသည်။ ဤစာရင်းတွင် စွပ်စွဲခံထားရသည့် တိုက်ရိုက် ပြစ်မှုကျူးလွန်သူများ၏ အမည်များ ပါဝင်သော်လည်း၊ ထိုသူများကို ထိရောက်စွာ ထိန်းချုပ်ခဲ့သူများ အပေါ်တွင် အဓိက အာရုံစိုက်ထားသည်။ ရခိုင်ပြည်နယ်တွင်

[32] (၂၀၁၃) ခုနှစ်တွင် ပယ်ဖျက်ခဲ့သော နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးကွပ်ကဲမှု ဌာနချုပ်

မကြာသေးမီက ဖြစ်ပွားခဲ့သော ဖြစ်ရပ်များနှင့် စပ်လျဉ်း၍ ဤစာရင်းတွင် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အပါအဝင်

- ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊
- အမှတ်(၃) စစ်ဆင်ရေးအထူးအဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်ကျော်ဇော၊
- အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်စိုး၊
- အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်အောင်အောင် နှင့်
- အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ် သန်းဦးတို့ ဖြစ်ကြသည်။

အမည်စာရင်းအပြည့်အစုံကို လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးလက်အောက်ရှိ မစ်ရှင်း၏ မော်ကွန်းမှတ်တမ်းတွင် တစ်စိတ်တစ်ဒေသအနေနှင့် ထိန်းသိမ်းထားမည်ဖြစ်ပြီး၊ အပြည်ပြည် ဆိုင်ရာစံများ နှင့်အညီ၊ တာဝန်ယူအပြစ်ခံမှုရှိစေရန် ကြိုးပမ်းဆောင်ရွက်မည့် အရည်အချင်း ပြည့်မီပြီး၊ ယုံကြည်ထိုက်သော မည်သည့်အဖွဲ့အစည်း နှင့် မဆို မျှဝေပေးနိုင်သည်။

၉၃။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အရပ်ဘက်အာဏာပိုင်များသည် တပ်မတော်၏ လုပ်ရပ်များကို ထိန်းသိမ်းနိုင်ရန် အခွင့်အလမ်း နည်းပါးသည်။ ၎င်းတို့က လုံခြုံရေး စစ်ဆင်ရေးများကို စီမံကိန်း ရေးဆွဲရာတွင် လည်းကောင်း၊ အကောင်အထည်ဖော်ရာတွင် လည်းကောင်း၊ အမိန့်ညွှန်ကြားချက် ယန္တရားတွင် တစ်စိတ်တစ်ဒေသအဖြစ် လည်းကောင်း တိုက်ရိုက်ပါဝင်ဆောင်ရွက်ခဲ့သည့် လက္ခဏာ တစ်ခုမှ မရှိပါ။ သို့သော်လည်း၊ ရာဇဝတ်မှုများကို ကျူးလွန်နေကြသည့် ရခိုင်ပြည်နယ်ရှိ အခြေအနေ အား သြဇာလွှမ်းမိုးရန် အရပ်ဘက်အာဏာပိုင်များသည် ၎င်းတို့၏ အကန့်အသတ်ဖြင့်ရှိသော အာဏာကို အသုံးမပြုခဲ့ပါ။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ၎င်း၏ နိုင်ငံတော်အကြီးအကဲသဖွယ် ရာထူးကိုသော်လည်းကောင်း၊ သူမ၏ ပုဂ္ဂိုလ်ရေးသြဇာကိုသော် လည်းကောင်း အသုံးပြုပြီး၊ ရခိုင်ပြည်နယ်၌ ပေါ်ပေါက်ခဲ့သော ဖြစ်ရပ်များကို ရပ်တန့်စေခြင်း၊ မဖြစ်ခင် တားဆီးခြင်း၊ သို့မဟုတ် အရပ်သားပြည်သူများကို ကာကွယ်ရမည့် တာဝန်ဝတ္တရားအား တခြားနည်းလမ်းများဖြင့် ဖြည့်ဆည်းနိုင်ရန် ကြိုးပမ်းခြင်းတို့ မပြုလုပ်ခဲ့ပါ။ ဆန့်ကျင်ဘက်အားဖြင့်၊ အရပ်ဘက်အာဏာပိုင်များသည် မဟုတ်မမှန် သတင်းများကို ဖြန့်ဝေခြင်း၊ တပ်မတော်၏ အမှား ပြုချက်များသည် မဟုတ်ပါကြောင်း ငြင်းဆန်ခြင်း၊ အချက်အလက်ရှာဖွေရေး မစ်ရှင်း အပါအဝင် သီးသန့် လွတ်လပ်သော စုံစမ်းစစ်ဆေးမှုများကို ပိတ်ပင်ခြင်းနှင့် သက်သေခံ အထောက်အထား များအား ကြီးကြပ်ဖျက်ဆီးခြင်းတို့ ပြုလုပ်ခဲ့ကြသည်။ အရပ်ဘက် အာဏာပိုင်များသည် ၎င်းတို့၏ အပြုအမူနှင့် ပျက်ကွက်မှုများမှ တဆင့် ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုများကို ကျူးလွန်ခဲ့ရာ ရောက်သည်။

၉၄။ စနစ်တကျ ခွဲခြားနှိမ့်ချဆက်ဆံမှုများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေလက်အောက်ရှိ ရာဇဝတ်မှုများသည် မြန်မာနိုင်ငံအား နိုင်ငံတကာမှ အရေးပါအရာရောက်သော ဝိုင်းဝန်းထောက်ပံ့

ဆက်ဆံမှုများ ပြုလုပ်နေသည့် ကာလအတွင်းတွင် ပေါ်ပေါက်ခဲ့သည်။ ကုလသမဂ္ဂက ၎င်း၏ လူ့အခွင့်အရေးရှေ့တန်းတင်စီမံကိန်းအား အကောင်အထည်ဖော်ရမည့် ကာလတွင်လည်း ဖြစ်သည်။ မြန်မာနိုင်ငံအား ၎င်းစီမံကိန်း၏ "ကုလသမဂ္ဂတစ်ဝန်းလုံး"မှ လူ့အခွင့်အရေးကို အသာပေးကာ ပဋိပက္ခများအား တုံ့ပြန်ရန်လိုအပ်သော အခြေအနေတစ်ရပ် ဖြစ်ကြောင်း အဖန်တလဲလဲ သတ်မှတ်ခဲ့သော်လည်း ဤနည်းလမ်းကို ရှားပါးစွာ၊ သို့မဟုတ် လုံးဝကျင့်သုံးမှု မရှိခဲ့ပေ။ များစွာသော ကုလသမဂ္ဂ အဖွဲ့အစည်းများသည် ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်များ၊ လူသားချင်း စာနာထောက်ထားမှု လက်လှမ်းမီရေးနှင့် တိတ်တိတ်ဆိတ်ဆိတ် သံတမန်ဆက်ဆံရေး သက်သက် ကိုသာ ဆက်လက် ဦးစားပေး လုပ်ကိုင်ခဲ့ကြသည်။ ထိုနည်းလမ်းသည် မအောင်မြင်ခဲ့သည်မှာ အထင်အရှားပင်ဖြစ်သည်။ ကုလသမဂ္ဂတစ်ရပ်လုံးအနေနှင့် လူ့အခွင့်အရေးဆိုင်ရာစိုးရိမ်ချက်များကို လုံလောက်စွာ ဖြေရှင်းနိုင်စွမ်း မရှိခဲ့ပေ။ ယခုမျက်မှောက်တွင်လည်း သင်ခန်းစာရရှိမှု လက္ခဏာများ လုံးဝမရှိပါ။ မကြာသေးခင်က အစိုးရနှင့် လက်မှတ်ရေးထိုးသော သဘောတူညီချက်များတွင် လူ့အခွင့်အရေး ဦးစားပေးကိစ္စများ မပါဝင်ပါ။ အဖိုးတန်သော အထောက်အပံ့ အကူအညီများနှင့် အချက်အလက်များကို ပေးအပ်ခဲ့သော ကုလသမဂ္ဂ အဖွဲ့အစည်းအားလုံးကို ကျေးဇူးတင်သော်လည်း၊ မစ်ရှင်းသည် တခြားသူတို့ထံမှ ပူးပေါင်းဆောင်ရွက်မှု မရှိသည့်အတွက် ဝမ်းနည်းရသည်။

## ၈။ တာဝန်ယူ အပြစ်ခံမှု

> ကျုပ်က ပညာသိပ်မတတ်ပါဘူး။ ဒါပေမယ့် ကျုပ်တို့ တရားမျှတမှုရအောင် ကုလသမဂ္ဂက လုပ်နိုင်စွမ်း ရှိပါစေလို့၊ ကျုပ်တို့အပေါ် လုပ်ခဲ့တာတွေနဲ့ ပတ်သက်လို့ မြန်မာအစိုးရကို သွားပြီး မေးမြန်းနိုင်ပါစေလို့တော့ မျှော်လင့်တယ်လေ။

၉၅။ တရားမျှတမှုဆိုသည်မှာ ဘယ်လို အဓိပ္ပါယ်သဘောလဲဟု မြန်မာပြည်မှ အကျူးလွန်ခံရသူများက မသိကြသည်မှာ ဆယ်စုနှစ်ချီ၍ ကြာခဲ့ပြီ ဖြစ်သည်။ အာဏာပိုင်များက ပြစ်မှုကျူးလွန်သူများကို ပြစ်တင်ရှုံ့ချရန်၊ စုံစမ်းစစ်ဆေးရန်နှင့် တရားစွဲဆိုရန် ပျက်ကွက်မှုများ စနစ်တကျ ပြုလုပ်နေသောကြောင့် ဖြစ်သည်။ လူ့အခွင့်အရေးများအား ဆိုးဆိုးရွားရွား ချိုးဖောက်ပြီး ပြစ်ဒဏ်မှ ကင်းလွတ်နေသောကြောင့် အောက်ပါအချက်များ ဆက်လက် ဖြစ်ပေါ်လျက်ရှိသည်။ နက်ရှိုင်းစွာ ဖိနှိပ်ပြီး ခွဲခြားနှိမ့်ချဆက်ဆံသော အပြုအမူများသည် လုပ်သင့်သည်၊ တရားဝင်သည် ဟု အသိအမှတ် ပြုခံရသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ရက်စက် ကြမ်းကြုတ်သော ရာဇဝတ်မှုများကို အဖန်တလဲလဲ ထပ်မံဖြစ်ပေါ်စေသည်။ ပြစ်မှုကျူးလွန်သူများကို အတင့်ရဲလာစေသည်။ ကျူးလွန်ခံရသူများကို နှုတ်ဆိတ်စေသည်။ ပြစ်ဒဏ်မှ ကင်းလွတ်နေခြင်းအား မရပ်တန့်မချင်း၊ တဖန်လုံခြုံရေးတပ်ဖွဲ့ဝင် ရာထူးအဆင့်တန်းအားလုံးအား ၎င်းတို့၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တွင် ကျူးလွန်မည့် ပြစ်မှုများအတွက် တာဝန်ယူ အပြစ်မပေးမချင်း၊ အလားတူ အကြမ်းဖက်မှုများနှင့်အတူ ရက်စက်ကြမ်းကြုတ်သော ပြစ်မှုများသည် ဆက်လက် ဖြစ်ပွားနေမည်

ဟု မျှော်လင့်ရပြီး၊ နိုင်ငံတွင်းနှင့် ဒေသတွင်းတွင် ပိုမိုဆိုးရွားသော အကျိုးဆက်များ ဆက်လက်ဖြစ်ပေါ်စေမည်ဟု ယူဆရသည်။

၉၆။ ရခိုင်ပဋိပက္ခဖြစ်စဉ်၊ မြန်မာ့အာဏာပိုင်များသည် စုံစမ်းစစ်ဆေးရေးကော်မရှင်များနှင့် အဖွဲ့အစည်းများကို လက်တန်းဖွဲ့စည်းခဲ့ကြသည်။ (၂၀၁၂) ခုနှစ်မှ စတင်၍၊ မစ်ရှင်းသည် ထိုကဲ့သို့ ကြိုးပမ်းအားထုတ်ခဲ့သော အဖွဲ့အစည်း ရှစ်ခုကို လေ့လာခဲ့သည်။ တစ်ခုမှ ဘက်လိုက်မှုကင်းသော၊ သီးသန့်လွတ်လပ်သော၊ ထိရောက်သော၊ စေ့စပ်သော လူ့အခွင့်အရေး စုံစမ်းစစ်ဆေးမှု၏ စံ မမီခဲ့ပါ။ မစ်ရှင်းက သိရသရွေ့ မည်သည်ကမျှ ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများ အတွက် တရားစွဲဆိုခြင်း၊ ကျူးလွန်ခံ ရသူများအတွက် ကုစားပေးခဲ့ခြင်းတို့ မရှိခဲ့ပါ။ အကျိုးအကြောင်းမှာ ရှင်းလင်းပါသည်။ မြန်မာနိုင်ငံတွင် ဤသို့လုပ်ရပ်များက မဖြစ်နိုင်ပါ။

၉၇။ ပြစ်ဒဏ်မှ ကင်းလွတ်နေနိုင်ခြင်းသည် မြန်မာ့နိုင်ငံရေးနှင့် ဥပဒေရေးစနစ်တွင် နက်ရှိုင်းစွာ အမြစ်တွယ်လျက်ရှိကာ၊ တပ်မတော်ကို ဥပဒေအထက်တွင် လက်တွေ့ကျကျ ထားရှိသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် တခြားဥပဒေများသည် ကင်းလွတ်ခွင့်များပေး၍၊ တပ်မတော်ကို အရပ်သားများ၏ ကြီးကြပ်မှုအောက်မှ လွတ်မြောက်စေသည်။ တပ်မတော်သည် ၄င်း၏အရေးကိစ္စများကို သီးသန့် လွတ်လပ်စွာ တရားစီရင်ပိုင်ခွင့်ပြီး၊ ကာကွယ်ရေးဦးစီးချုပ်သည် နောက်ဆုံး ဆုံးဖြတ်ချက်ချနိုင်သူ ဖြစ်သည်။ တခါတရံတွင် စစ်ခုံရုံးသို့ ပွင့်လင်းမြင်သာမှုမရှိဘဲ၊ တင်ရောက် လာသည့် အချို့အမှုများ သည် ယေဘုယျအားဖြင့် အမြဲပြစ်ဒဏ်ကင်းလွတ်နေနိုင်ခြင်း ခေတ်ရေစီးကြောင်းကို တန်ပြန်ရန် လုံးဝ မလုံလောက်ပါ။ ထို့ပြင် စစ်ခုံရုံးများသည် စစ်တပ်ကိုယ်တိုင်မှ ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်ခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများအား ဖြေရှင်းရန် မလုံလောက်သော လမ်းကြောင်း ဖြစ်သည်။ အရပ်ဘက်ခုံရုံးများသည်လည်း အဖြေမဟုတ်ပါ။ ပြည်တွင်း တရားစီရင်ရေးစနစ်သည် သီးသန့် လွတ်လပ်မှုမရှိပါ။ မျှတသည့် တရားစီရင်မှုစံနှုန်းများကို လေးစားလိုက်နာ နိုင်စွမ်းမရှိပါ။ အာဏာအဆင့်မြင့် အရာရှိကြီးများက ကျူးလွန်ခဲ့ကြသည့် ကျယ်ပြန့်မှုနှင့် ဆိုးရွားမှု အတိုင်းအတာ ကြီးမားလှသော ချိုးဖောက်မှုများ၊ အထူးသဖြင့် အပြည်ပြည်ဆိုင်ရာ ဥပဒေလက်အောက်ရှိ ရာဇဝတ်မှုများအား ကိုင်တွယ် ဖြေရှင်းနိုင်သည့် စွမ်းရည်လည်းမရှိပါ။ တိုင်ကြားသူများသည် မကြာခဏဆိုသလိုပင် ခြိမ်းခြောက်ခြင်းနှင့် လက်တုံ့ပြန်ခြင်းများအား ခံစားရလေ့ရှိသည်။ အကျဉ်းချုံးအားဖြင့် တာဝန်ယူ အပြစ်ခံမှုသည် ပြည်တွင်း အဆင့်တွင် လတ်တလောဖြစ်နိုင်ချေ မရှိပါ။

၉၈။ အပြည်ပြည်ဆိုင်ရာ ဥပဒေလက်အောက်ရှိ ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန်နှင့် တရားစွဲဆိုရန် ကနဦးတာဝန်မှာ မြန်မာနိုင်ငံတော် အစိုးရထံတွင် ရှိသော်လည်း၊ ၄င်းက ဤသို့ မစွမ်းဆောင်နိုင်သလို ဆောင်ရွက်လိုသည့် ဆန္ဒလည်း မရှိကြောင်း ပြသခဲ့သည်။ တာဝန်ယူ အပြစ်ခံမှု ရရှိနိုင်ရန် ပြည်တွင်း တရားစီရင်ရေးနှင့် လုံခြုံရေးကဏ္ဍတစ်ရပ်လုံးကို ပြင်ဆင်ရန် လိုအပ်သည်။

မကြာမီက အစိုးရမှ ဖွဲ့စည်းခဲ့သော ရခိုင်ပြည်နယ်ဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်သည် အပြည်ပြည်ဆိုင်ရာ အဖွဲ့ဝင်အချို့ ပါဝင်ပတ်သက်မှု ရှိသော်လည်း၊ တာဝန်ယူ အပြစ်ခံမှု ရရှိစေရန် စစ်မှန်သောလမ်းကြောင်း ဖောက်ပေးမည်မဟုတ်သလို၊ ဤကဲ့သို့ လုပ်ပေးနိုင်စွမ်းလည်း မရှိပါ။ "ယုတ္တိရှိသော" ဟူသည့် စံချိန်အပေါ် အခြေခံ၍ မစ်ရှင်းမှ ဤသို့ ကျိုးကြောင်းဆီလျော်စွာ ကောက်ချက်ချခဲ့ခြင်းဖြစ်သည်။ တာဝန်ယူ အပြစ်ခံမှုရှိစေရန် နိုင်ငံတကာ အသိုက်အဝန်းက တွန်းအားပေးမှ ရမည်ဖြစ်သည်။

၉၉။ မစ်ရှင်း၏ အသေးစိတ်အစီရင်ခံစာတွင် ပြုပြင်ပြောင်းလဲမှုရှိစေသော၊ အကျူးလွန်ခံရသူ များကို အဓိက ဂရုစိုက်သော၊ ပြီးပြည့်စုံသော၊ အားလုံးမခွဲမခြား အပါအဝင်ဖြစ်စေသော တာဝန်ယူ အပြစ်ခံမှု လုပ်ငန်းစဉ်တစ်ရပ်ကို အကြံပြု တင်ပြထားသည်။ ၎င်းသည် အခြေခံကျသော အပြောင်းအလဲ (၃) ရပ်ကို ဖြစ်စေရမည်။ ပြစ်ဒဏ်မှ အမြဲကင်းလွတ်နေခြင်းကို ပယ်ဖျက်နိုင်ရမည်။ လုံခြုံရေးတပ်ဖွဲ့များ အပါအဝင်၊ နိုင်ငံတော်၏ အဖွဲ့အစည်းများအားလုံးသည် အရပ်သားပြည်သူ တို့၏ စုံစမ်းစစ်ဆေး၊ မေးမြန်းချက်များနှင့် အာဏာပိုင်တို့က အပြစ်ရှိခဲ့လျှင်၊ အပြစ်ခံရန် တောင်းဆို ချက်များကို လိုက်နာဆောင်ရွက်ရမည်။ အားလုံးမခွဲမခြား အပါအဝင်ဖြစ်သော၊ တန်းတူညီမျှရှိကာ၊ လူတိုင်း၏ လူ့အခွင့်အရေးကို လေးစားသော မြန်မာ့အစိုးရ၊ မြန်မာ့နိုင်ငံတော်ဆိုသော ခံယူချက်ကို မြေတောင်မြှောက်ပေးရမည်။ ၎င်းအချက်များကို အမှန်တရား ထွန်းကားစေရန်၊ တရားမျှတမှု ရှိစေရန်၊ ပြစ်မှုများအတွက် ကုစားပေး လျော်ကြေးများပေးရန် နှင့် ထိုသို့ နောက်ထပ်မဖြစ်ဖို့ အာမခံရန် စသည့် အခန်းကဏ္ဍများရှိ လုပ်ဆောင်ချက်များ အားလုံးတွင် ပါဝင်စေရမည်။

## ၉။ အဓိကကောက်ချက်များနှင့် အကြံပြုထောက်ခံချက်များ

၁၀၀။ **ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်များတွင် ကျူးလွန်ခဲ့သည့် ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အလွဲသုံးစားမှုများသည် ၎င်းတို့၏ကြောက်စရာကောင်းသော သဘောသဘာဝ နှင့် နေရာတကာ ဖြစ်ပေါ်နေမှုတို့ကြောင့် ထိတ်လန့် တုန်လှုပ်ဖွယ်ရာ ကောင်းလှပါသည်။ ဤချိုးဖောက်မှု အများစုသည် အပြည်ပြည်ဆိုင်ရာဥပဒေလက်အောက်ရှိ အဆိုးရွားဆုံးသော ရာဇဝတ်မှုများ အနေနှင့် ကျိန်းသေ အရာရောက်သည်။ ဆယ်စုနှစ်ပေါင်းများစွာတိုင် သိသာထင်ရှား ခဲ့သော်လည်း၊ မဖြေရှင်းဘဲထားခဲ့သည့် လူ့အဖွဲ့အစည်းအတွင်း နက်ရှိုင်းစွာ အစိတ်စိတ် အမွှာမွှာ ကွဲနေခြင်းနှင့် ဖွဲ့စည်းတည်ဆောက်ပုံ ပြဿနာများကြောင့် ဤသို့ ပြစ်မှုကျူးလွန်မှုများ ဖြစ်ပွား ခဲ့ရသည်မှာ ထိတ်လန့် တုန်လှုပ်ဖွယ်ရာ ကောင်းလှသည်။ ၎င်းချိုးဖောက်မှုများနှင့် စပ်လျဉ်း၍ "ဒီလို တိုက်ခိုက်မှုတွေ မဖြစ်ခဲ့ပါဘူး"ဟု စွတ်ငြင်းနေခြင်း၊ ရက်ရက်စက်စက် လုပ်ရပ်များကို ပုံမှန်သဘောဖြင့် လက်ခံထားခြင်း၊ ကျူးလွန်သူများ ယနေ့အထိ ပြစ်ဒဏ်ကင်းလွတ်နေခြင်းတို့မှာ တုန်လှုပ်ဖွယ်ရာ ကောင်းလှပါသည်။ ၎င်းအလွဲသုံးစားပြုမှုပုံစံ များသည် မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ အခြေအနေကို ကိုယ်စားပြုသည်ဟု မစ်ရှင်းမှ ကောက်ချက်ချ လိုက်သည်။**

၁၀၁။ **ဤအခြေအနေကို အရေးအကြီးဆုံးသော ကိစ္စတစ်ရပ်အနေဖြင့် ပြုပြင်ပြောင်းလဲ ကုစားရန် မြန်မာနိုင်ငံတွင် ကြီးလေးသောတာဝန်ရှိသည်။ ထိုသို့ အလေးမပေးပါက၊ ဒီမိုကရေစီ ပြောင်းလဲရေး လုပ်ငန်းစဉ်ကို ဖျက်ဆီးသည့် အန္တရာယ်ဖြစ်လာနိုင်သည်။ နိုင်ငံတကာ အသိုက်အဝန်း တွင်လည်း တာဝန်ရှိပြီး၊ ချိုးဖောက်မှုများကို ပြစ်တင်ရှုံ့ချရန်နှင့် အဖန်တလဲလဲ ပြန်လည် ဖြစ်ပွားနေသော ပြည်တွင်း ပြဿနာများ၏ အရင်းခံကို ထိတွေ့ဖြေရှင်းရာတွင် မြန်မာနိုင်ငံအား ကူညီရန် စည်းလုံးစွာ ရပ်တည်ကြရမည်။ ပြစ်မှုကျူးလွန်သူများအား တာဝန်ယူအပြစ်ခံစေခြင်း ဖြင့် ထိုလုပ်ငန်းများကို စတင်ရမည်။ စိုးရွံ့ကြောက်လန့်နေရခြင်းနှင့် အလုံအခြုံ မနေနိုင်ခြင်းတို့ကို သဘာဝလုံး ခံစားလာရသည့် ကျူးလွန်ခံရသူများအား ၎င်းတို့အတွက် ငြိမ်းချမ်းသာယာသော အနာဂတ်ရှိနိုင်သည်ဟု မျှော်လင့်ချက်ပေးခြင်းဖြင့်လည်း စတင်ရမည်။**

၁၀၂။ **မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးပဋိပက္ခများအား ဖြေရှင်းရန် လိုအပ်သော ခြေလှမ်းများကို သိပြီးသား ဖြစ်ကြသည်။ ဆယ်စုနှစ် (၃) စု နီးပါးတိုင်အောင်၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် (၅)ဦး ဆက်တိုက်က အထွေထွေညီလာခံနှင့် လူ့အခွင့်အရေး ကောင်စီသို့ နှစ်စဉ်အစီရင်ခံစာများ တင်သွင်းခဲ့ကြပြီးဖြစ်သည်။ ထိုအစီရင်ခံစာများတွင် ပါဝင် ပတ်သက်သူများ အားလုံးအတွက် အသေးစိတ် အကြံပြု ထောက်ခံချက်များကို ရေးဆွဲဖော်ပြထား ပြီးသားဖြစ်သည်။ အလားတူပင်၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာရှိ အရပ်ဘက် လူမှုအဖွဲ့အစည်း အများအပြား အပါအဝင်၊ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး ကိုယ်တိုင်မှလည်း ခိုင်မာသော အကြံပြုထောက်ခံချက်များကို ရေးဆွဲပေးခဲ့သည်။ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေး ကော်မရှင်ကလည်း အသေးစိတ်အစီရင်ခံစာကို တင်သွင်းခဲ့သည်။ ထို အကြံပြုထောက်ခံချက်များ အား ချက်ချင်း အကောင်အထည်ဖော် ဆောင်ရွက်သင့်သည်။**

၁၀၃။ **မစ်ရှင်း၏အသေးစိတ် အစီရင်ခံတွင် ပြီးပြည့်ဆုံသော အကြံပြု ထောက်ခံချက်များကို ဖော်ပြထားသည်။ နိုင်ငံတကာအသိုင်းအဝိုင်းက ဦးစားပေးဆောင်ရွက်ရမည့် အခန်းကဏ္ဍများကို အထူးတလည် အာရုံစိုက်နိုင်စေရန် အောက်ပါအတိုင်း ဖော်ပြလိုက်သည်။**

(က) **ဂျန်နိုဆိုက် (ခေါ်) မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ခြင်း၊ လူသားတမျိုးနွယ်လုံး အပေါ်သက်ရောက်သည့်ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများထံမှ မိမိ၏ပြည်သူများကို အကာ အကွယ်ပေးရန် မြန်မာနိုင်ငံ၌ တာဝန်ရှိသည်။ မြန်မာနိုင်ငံအား ၎င်း၏ တာဝန်ဝတ္တရားများကို ပြည့်ပြည့်ဝဝ ထမ်းဆောင်နိုင်ရန် ကုလသမဂ္ဂမှတဆင့်၊ နိုင်ငံတကာ အသိုက်အဝန်းသည် သံတမန်ရေးရာ၊ လူသားချင်း စာနာထောက်ထားမှုရေးရာ နှင့် တခြားသော ငြိမ်းချမ်းသည့် နည်းလမ်းများ အားလုံးကို အသုံးပြု၍ ကူညီသင့်သည်။ ကုလသမဂ္ဂအမိန့်စာတမ်း (UN Charter) အရ၊ လိုအပ်သလို စုပေါင်း လုပ်ဆောင်သင့်သည်။**

(ခ) လုံခြုံရေးကောင်စီသည် မြန်မာနိုင်ငံ၌ ကျူးလွန်ခဲ့ကြသော အပြည်ပြည်ဆိုင်ရာ ဥပဒေလက်အောက်ရှိ ရာဇဝတ်မှုများကို တာဝန်ယူအပြစ်ခံစေရန် ကြိုးပမ်းဆောင်ရွက်သင့်သည်။ ဖြစ်နိုင်က၊ အကောင်းဆုံးမှာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု တရားရုံး (ICC)သို့ ရုံးတင်ခြင်းဖြင့်လည်းကောင်း၊ သို့မဟုတ် တခြားနည်းလမ်းအားဖြင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး တစ်ခု လက်တန်း ဖွဲ့စည်းခြင်းဖြင့်လည်းကောင်း ဆောင်ရွက်သင့်သည်။ ထို့အပြင်၊ လုံခြုံရေးကောင်စီသည် အပြည်ပြည်ဆိုင်ရာဥပဒေ လက်အောက်ရှိ ဆိုးရွားသောရာဇဝတ်မှုများ အတွက် အများဆုံး တာဝန်ရှိသည်ဟု ထင်ရသူများအား ခရီးသွားလာခွင့် ပိတ်ပင်ခြင်း၊ ပိုင်ဆိုင်မှုများအား အသုံးမပြုနိုင်ရန် ပိတ်ဆို့ခြင်းတို့ အပါအဝင်၊ ကျူးလွန်ခဲ့သူ ပုဂ္ဂိုလ်တစ်ဦးစီကို ပစ်မှတ်ထားသည့် အရေးယူပိတ်ဆို့မှုများ ချမှတ်သင့်သည်။ ဆက်လက်၍ မြန်မာနိုင်ငံအား လက်နက်ရောင်းချမှု ကိုလည်း တရားဝင် ပိတ်ဆို့သင့်သည်။

(ဂ) လုံခြုံရေးကောင်စီက အရေးယူရန် မဆောင်ရွက်မချင်း၊ အထွေထွေညီလာခံ သို့မဟုတ်၊ လူ့အခွင့်အရေးကောင်စီမှ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေအား ချိုးဖောက်မှုများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အလွဲသုံးစားမှုများ၏ သက်သေအထောက်အထားများကို စုစည်းရန်၊ စုပေါင်း၍ ခိုင်မာစေရန်၊ ထိန်းသိမ်းရန်နှင့် ခွဲခြမ်းစိတ်ဖြာရန်တို့အတွက် လွတ်လပ် ဘက်မလိုက်သော ယန္တရားတစ်ရပ် ကို တည်ထောင်သင့်သည်။ ထို ယန္တရားသည် ပြည်တွင်းဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ တရားရုံးများ၊ ခုံရုံးများတွင် ရာဇဝတ်မှုများကို ရုံးတင်သည့်အခါ၊ တရားမျှတပြီး၊ သီးသန့်လွတ်လပ်သော တရားအစီအစဉ်များ အဆင်ပြေချော့မွေ့ မြန်ဆန်စေရန် အမှုတွဲများကို ပြင်ဆင်ပေးသင့်သည်။

(ဃ) မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးပဋိပက္ခကို လေးနက်စွာ ဆက်လက် အာရုံစိုက်နိုင်စေရန် လူ့အခွင့်အရေးကောင်စီမှ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်နှင့် လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးတို့အား ပြဋ္ဌာန်းထားသော လုပ်ပိုင်ခွင့်များကို ဆက်လက်သက်တမ်းတိုးသင့်သည်။ ၎င်းတို့တွင် လုံလောက်သော အင်အားအရင်းအမြစ်များ ရှိစေရန် ထောက်ပံ့သင့်သည်။

(င) မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အလွဲသုံးစားမှုများအား တာဝန်ယူအပြစ်ခံမှု ရှိရေးအတွက် အာရုံစိုက် ဆောင်ရွက်ရန် လူ့အခွင့်အရေးကောင်စီက ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR)သို့ အထူးတလည် မေတ္တာရပ်ခံသင့်သည်။ ၎င်းတို့အား လူ့အခွင့်အရေးအခြေအနေများကို တိုးမြှင့်စွာ စောင့်ကြည့်လေ့လာခြင်း၊ မှတ်တမ်းတင်ခြင်း၊ ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်းနှင့် ပြည်သူတို့အား အစီရင်ခံခြင်းဖြင့် လည်းကောင်း၊ လူ့အခွင့်အရေး ချိုးဖောက်မှုများ မှတ်တမ်းတင်ရာတွင် ပါဝင်လုပ်ဆောင်နေသော အရပ်ဘက်

လူ့အဖွဲ့အစည်းများ နှင့် တခြားသော ဆောင်ရွက်သူများအား သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာ စံချိန်စံနှုန်းများအကြောင်း ပိုမိုသိရှိနားလည်စေရန် သင်ကြားပေးခြင်းဖြင့် လည်းကောင်း၊ တရားမျှတမှုနှင့် စပ်လျဥ်း၍ လုပ်နိုင်သည့် အချက်များကို သိရှိနားလည်စေရန် အကျူးလွန်ခံရသူ အသိုင်းအဝိုင်းများအား ပညာပေးခြင်းဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးရေး နှင့် လုံခြုံရေး ကဏ္ဍများကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစံများ နှင့်ညီအောင် ပြီးပြည့်စုံသော ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရာတွင် ထောက်ပံ့ခြင်းဖြင့် လည်းကောင်း ကူညီသင့်သည်။ သင့်လျော်သော စွမ်းအားအရင်းအမြစ်များရှိစေရန် သတ်မှတ်ပေးအပ်သင့်သည်။

(ဈ) မစ်ရှင်းက ဆောင်ရွက်ခဲ့သောလုပ်ငန်းများအပေါ်အခြေခံ၍ ဆက်လက် ဆောင်ရွက်နိုင်ရန်၊ ဒုတိယမြောက်အချက်အလက်ရှာဖွေရေးမစ်ရှင်းကို လူ့အခွင့်အရေးကောင်စီမှအချိန်အကန့်အသတ်ဖြင့် ဖွဲ့စည်းသင့်သည်။ အထက်ပါ စာပိုဒ် (ခ) သို့မဟုတ် စာပိုဒ် (ဂ) တွင် ဖော်ပြထားခဲ့သော ယန္တရားနှစ်ရပ်အနက်၊ တစ်ရပ်ရပ်က လုပ်ငန်းလည်ပတ်နေသည့် အချိန်အထိ သို့မဟုတ်၊ စာပိုဒ် (င) တွင် ဖော်ပြထားသည့် OHCHR ၏ အင်အားပိုမိုပြည့်ဝသောလုပ်ငန်းများ အထိုင်မကျမချင်း ဒုတိယမြောက် မစ်ရှင်းသည် တာဝန်ထမ်းဆောင်သင့်သည်။

(ည) မြန်မာနိုင်ငံနှင့် ထိတွေ့ဆက်ဆံမှုအားလုံးတွင် လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်ကြောင့်ကြမှုများအား ထည့်သွင်းစဥ်းစားလျက်၊ ၎င်းတို့အား ရင်ဆိုင်ဖြေရှင်းသော ဘုံနည်းဗျူဟာကို ကုလသမဂ္ဂမှ ၎င်း၏ လူ့အခွင့်အရေးရှေ့တန်းတင်စီမံကိန်းအရ၊ အရေးပေါ် အလျင်အမြန် ဆုံးဖြတ်ချမှတ်သင့်သည်။ ဤသို့ဖြင့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံနှင့် ထိတွေ့ဆောင်ရွက်မှုအားလုံး၊ အထူးသဖြင့် ရခိုင်ပြည်နယ်နှင့် စပ်လျဥ်းသည့် ကိစ္စများတွင် လမ်းညွှန်ချက်တစ်ရပ် ဖြစ်လာစေသင့်သည်။ မူဝါဒများနှင့် ပြည်သူလူထုဘက်မှ ရပ်တည်ပြောကြားခြင်းများလည်း ပါဝင်သင့်သည်။ ကုလသမဂ္ဂက ပေးသော အထောက်အပံ့များကို လက်ခံသည့် မြန်မာ့အာဏာပိုင်များအားလုံးကို လူ့အခွင့်အရေးနှင့်စပ်လျဥ်း၍ လုံ့လဝီရိယ အပြည့်အဝရှိ၊မရှိ ပိုင်းခြားသုံးသပ်ပြီးမှသာ ပေးအပ်သင့်သည်။

(ဋ) အလျင်အမြန်ဆောင်ရွက်ရမည့် အရေးပေါ်ကိစ္စတစ်ရပ်အနေဖြင့် (၂၀၁၁) ခုနှစ်မှစတင်၍ မြန်မာနိုင်ငံတွင်း ကုလသမဂ္ဂ၏ ပါဝင်ပတ်သက်မှုကို ပြီးပြည့်စုံ၍ သီးသန့်လွတ်လပ်သော စုံစမ်းစစ်ဆေးမှု တစ်ရပ်ဖြင့် သုံးသပ်စစ်ဆေးရမည်။ ရည်ရွယ်ချက်မှာ မဖြစ်သေးသော ပဋိပက္ခများကို တားဆီးရန် သို့မဟုတ်၊ လျော့ပါးသက်သာစေရန် တတ်နိုင်သမျှ အစွမ်းကုန် ဆောင်ရွက်ခဲ့ခြင်း ရှိမရှိ လေ့လာဖော်ထုတ်ရန်၊ ရရှိခဲ့သော သင်ခန်းစာများနှင့် အလေ့အကျင့်ကောင်းများကို သတ်မှတ်ရန်၊ တာဝန်ယူ အပြစ်ခံစေမှု အပါအဝင် သင့်တော်သည့် အကြံပြု

ထောက်ခံချက်များပေးရန်နှင့် အနာဂတ်တွင် ပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်စေရန် တို့အတွက် ဖြစ်သည်။

(ဈ) ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုက်အဝန်းက ဒုက္ခသည်များ ပြန်လည်လက်ခံရေး နှင့် ပြည်တွင်းစစ်ကြောင့် နယ်ရပ်စွန့်ခွာခဲ့ရသူများ ၎င်းတို့ နေရပ်သို့ ပြန်လာနိုင်ရေးတို့ကို၊ နိုင်ငံသား ဖြစ်မှု အပါအဝင် လူ့အခွင့်အရေးအကာအကွယ်များ အတိအလင်းပါရှိပြီး၊ ပြန်လာသူများ စိတ်ဆန္ဒ အလျောက်၊ လုံခြုံစွာနှင့် ဂုဏ်သိက္ခာရှိစွာ ပြန်လည်လက်ခံမှု ခွင့်ပြုသင့်သည်။ လက်ရှိအခြေအနေ တွင် ပြန်လည်လက်ခံရန် မဖြစ်နိုင်ပါ။

(ည) ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးသည် မြန်မာနိုင်ငံနှင့် ထိတွေ့ဆက်ဆံရာတွင် လည်းကောင်း၊ ထောက်ပံ့အကူအညီ၊ ဖွံ့ဖြိုးရေးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများအား ပံ့ပိုး ရာတွင် လည်းကောင်း လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်ကြောင့်ကြမှုများအား ထည့်သွင်းစဉ်းစား လျက်၊ ၎င်းတို့အား ရင်ဆိုင်ဖြေရှင်းရမည်။ ခွဲခြားနှိမ့်ချဆက်ဆံမှု မရှိစေရေး နှင့် သာတူညီမျှမှု ရှိစေရေး အခြေခံမှုများကို အတိအလင်း လိုက်နာဆောင်ရွက်ရမည်။ မြန်မာ့အရေးကို ဆောင်ရွက် နေကြသော လူသားချင်းစာနာ ထောက်ထားမှု အဖွဲ့အစည်းများအား သင့်လျော်စွာ ရန်ပုံငွေ ထောက်ပံ့ခြင်းတို့ကို အဖွဲ့ဝင်နိုင်ငံအားလုံးက ပါဝင်ဆောင်ရွက်သင့်သည်။ နိုင်ငံများအနေနှင့် တပ်မတော်နှင့် တခြားသောလုံခြုံရေးတပ်ဖွဲ့များအား လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အထောက်အပံ့ပေးခြင်းတို့ကို အောက်ပါအခြေအနေများသို့ မရောက်မီအထိ ရပ်ဆဲသင့်သည်။ ၎င်းအခြေအနေများမှာ (၁) စစ်မှန်သော ပြုပြင်ပြောင်းလဲရေး ရရှိရန် သိသိသာသာ အာမခံ လုပ်ဆောင်နေခြင်း၊ (၂) ပြုပြင်ပြောင်းလဲရေးကို အကောင်အထည်ဖော်ရာတွင် အပြည်ပြည် ဆိုင်ရာအထောက်အပံ့ရှိခြင်း နှင့် (၃) အပြည်ပြည်ဆိုင်ရာ ဥပဒေလက်အောက်ရှိ ရာဇဝတ်မှုများ အတွက် တာဝန်ဝတ္တရား ရှိသူများအား တာဝန်ယူအပြစ်ခံစေရန် လှုပ်ရှားသည့် နိုင်ငံတကာယန္တရား များကို လက်ခံပြီး ပူးပေါင်းဆောင်ရွက်ခြင်းတို့ ဖြစ်သည်။

(ဋ) လုံခြုံရေးကောင်စီက လက်နက်ရောင်းချမှု ကန့်သတ်ခြင်း (Embargo) ကို ချမှတ်သည် ဖြစ်စေ၊ မချမှတ်သည်ဖြစ်စေ၊ နိုင်ငံများသည် မြန်မာနိုင်ငံသို့ လက်နက်များ ပေးကမ်းရောင်းချခြင်း မပြုလုပ်သင့်ပါ။ အဘယ့်ကြောင့်ဆိုသော် ၎င်းလက်နက်များကိုသုံး၍ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ကို ဖျက်ဆီးမည့်အလားအလာ ကြီးမားသည်။ ထို့အတူ အပြည်ပြည်ဆိုင်ရာဥပဒေအရ ဆိုးရွားသော ရာဇဝတ်မှုများကို ကျူးလွန်ရာတွင်လည်း ၎င်းလက်နက်များကို အသုံးပြုကြမည်ဖြစ်သည်။

(ဌ) ဥရောပသမဂ္ဂနှင့် အာဆီယံ အပါအဝင်၊ သက်ဆိုင်သော ဒေသဆိုင်ရာအဖွဲ့အစည်းများသည် အပြည်ပြည်ဆိုင်ရာဥပဒေလက်အောက်ရှိ ရာဇဝတ်မှုများအား မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သူများ ကို တာဝန်ယူ အပြစ်ခံမှုရှိစေမည့် မဟာဗျူဟာများကို ဖော်ထုတ်ရေးဆွဲသင့်သည်။ ၎င်းဗျူဟာများ

တွင် မြန်မာနိုင်ငံနှင့် စဉ်ဆက်မပြတ် ထိတွေ့ဆွေးနွေးခြင်းနှင့် အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေး ယန္တရားကို ထောက်ပံ့ခြင်း တို့ပါဝင်သည်။

(ဍ) အပြည်ပြည်ဆိုင်ရာ ဥပဒေလက်အောက်ရှိ ဆိုးရွားသော ရာဇဝတ်မှုများအား မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သည်ဟု အစွပ်စွဲခံရသူများအား အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ အာဏာပိုင်နက် အတွင်း၌ ထိုကျူးလွန်သူများအား စုံစမ်းစစ်ဆေး၍ တရားစွဲဆိုရန် တရားစီရင်ခွင့်ကို ကျင့်သုံးသင့်သည်။

(ဎ) ကုလသမဂ္ဂသည် အကျူးလွန်ခံရသူများအား ထောက်ပံ့ရန်အတွက် ရန်ပုံငွေတစ်ရပ်ကို ထူထောင်သင့်သည်။ ၎င်းရန်ပုံငွေဖြင့် အကျူးလွန်ခံရသူများသည် စိတ်ပိုင်းဆိုင်ရာ နှင့် လူမှုရေးပိုင်းဆိုင်ရာ အထောက်အပံ့၊ ဥပဒေရေးရာအကူအညီ၊ အသက်မွေးဝမ်းကြောင်း အပံ့အပိုးနှင့် အခြားသော အကူအညီနည်းလမ်းများကို လက်ခံရရှိနိုင်သည်။ အလုံးစုံသော ရန်ပုံငွေလုပ်ငန်းများအား အကျူးလွန်ခံရသူများနှင့် တိုင်ပင်ပြီးမှ ရေးဆွဲသင့်သည်။